

# သာသနာ့အမြုတေ၊

နိုင်ငံကျော်

ဓမ္မကထိက-ဦးလှသိန်း၏

# သာသနာ့အမြုတေ၊

---


၁၃၂၉-ခု၊ တော်သလင်းလ

အုပ်ရေ (၃၀၀၀)


---


**သီတာထွန်း-ပုံနှိပ်တိုက်**

အမှတ်-၁၄၄၊ ဗိုလ်ချုပ်လမ်း၊

ရေကျော်-ရန်ကုန်မြို့။

**ဦးကြည်ညွန့်**

အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောကြ ပြောကြ တူပျော်ပျော်၊
သာသနာ့ တပ်မတော် ဖွဲ့ကြစို့ရဲ့။

ရှတ်ကြ ဘတ်ကြ ချိန့်ချိန့်ညံ၊
ရွှေပြည်နိုင်ငံ အေးကြစို့ရဲ့။

ရွှေပြည်နိုင်ငံ ချိန့်ချိန့်ညံ၊
သာသနာ့ အောင်လံ စိုက်ကြစို့ရဲ့။

သာသနာ့ အောင်လံ စိုက်ပြီးပြန်၊
လောကနိဗ္ဗာန် ဆောက်ကြစို့ရဲ့။

၁၃၂၉-ခု၊ တော်သလင်းလ။

---

ဘာသာရေး ခွင့်ပြုချက် စာစဉ်အမှတ် (၁၅၂၇)

**ပုံနှိပ်ထုတ်ဝေသူ။** ။ ဦးခင်ထွန်း။

သိတာထွန်း ပုံနှိပ်တိုက် (မြ-၀၇၃၆)
အမှတ်-၁၄၄၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်၍၊
ပဒေသာစာပေ (မြ-၀၃၆၇)
အမှတ် ၁၄၄၊ ဗိုလ်ချုပ်လမ်း၊ ရေကျော်၊ ရန်ကုန်မြို့-က
တာဝန်ခံ ထုတ်ဝေသည်။

# နမောတဿ ဘဂဝတော အရဟတော
# သမ္မာသမ္ဗုဒ္ဓဿ။

ဤစာအုပ်ကို ရိုက်ထုတ်လိုက်ရသဖြင့် မြန်မာပြည်အတွင်းရှိ အမြို့မြို့ အရွာရွာ နေထိုင် ကြကုန်သော ဗုဒ္ဓ ဘာသာဝင် ကလျာဏ သူတော်စဉ်အပေါင်းတို့အပေါ်တွင် ကျွန်တော်၏ စေတနာ သမာ ဆန္ဒ တခု ပြည့်ဝ ရသဖြင့် အလွန် အမင်း ဝမ်းသာလှပါကြောင်း။

၎င်း စာအုပ် သည်ကား။ ။သာ သ နာ တော် ခေတ် ငါးထောင်အတွင်းဝယ် သာသနာ့တဝက် နှစ်ထောင်ငါးရာ၏ ဟိုမှာဘက်ကမ်းတွင် နေ လ, သသွယ် တကယ် ထင်ရှား၍၊ သာသနာ့ အာဇာနည်များ ဖြစ်ပော်မူကြကုန်သော မာန် လည့်, ဆရာတော်ဘုရားကြီး၊ လယ်တီ ဆရာတော်ဘုရားကြီး များ၏ လက်တော်မှ၊ သာသနာ တဝက် ဝိမုတ္တိယုဝ ခေတ်ဖက် အရောက်တွင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့အား များစွာ ကျေးဇူး ဖြစ်ထွန်း ဘွယ်ရာ အသိ အလိမ္မာကို ကျွန်တော်တို့၏လက်ဝယ်သို့ အပ်နှင်းစေတော် မူခဲ့ကြသလို၊ ထိုထိုသြဝါဒ မိန့်ခွန်းတော် ဟူသမျှတို့အား၊ ရရာ တွေ့ရာမှ ရှာဖွေ သိမ်းဆီးပြီးလျှင်၊ ယခုလို တကျမ်းတအုပ် ရိုက်ထုတ် ဖြန့်ဖြူး အထူးထုတ်လိုက်ရပါကြောင်း။

ဤ စာအုပ် ငယ်သည် တကယ် သာသနာတော်ကြီး၏ အဆီအနှစ်တွေ ဖြစ်ကြောင်းကို သုံးသပ် လေ့လာကြပါက၊ မျက်ဝါးထင်ထင် အရသာကိုတွေ့မြင်ကြရလိမ့်မည်ဟု ယုံကြည် ပါကြောင်း။

ဝိပဿနာ အဆီအနှစ်တို့ကို လိုရင်းကလေးတွေ အဖြစ်နှင့် စံနစ်တကျ ညွှန်ပြပါလိမ့်မည်။ အမှန်တကယ် ယုံကြည်သော သဒ္ဓါတရားနှင့် ပွါးများ လေ့လာ နိုင်ကြပါစေ။ အသဘိမာန်ကို တွန်းလှန်နိုင်ကြပါစေ။

**လှသိန်း၊**

၁။ နိုင်ငံကျော်ဓမ္မကထိက

၂။ သာသနာ့ပိယာဓရ

၃။ သာသနာ့ပိတာဓမ္မကာရီ

၄။ သာသနာ့အကျိုးတော်ဆောင်

၅။ ခေမာလမ်းညွှန်ပုဂ္ဂိုလ်မွန်

၆။ နိဗ္ဗာန်လမ်းပြကထိက

၇။ စိတြကထိက

၈။ သနာ့ ဝန်ဆောင် စ သော ဘွဲ့ထူး ဂုဏ်ထူး ရွှေတံဆိပ် အထပ်ထပ်ရ။

## ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်

သမထ စိတ်, ဝိပဿနာ စိတ်၊ မဂ်,စိတ်၊ ဖိုလ်,စိတ်သည် အဓိစိတ္တ မည်၏။ ( လွတ်မြောက်သော စိတ် ဆိုလိုသည် )။ ထို အဓိစိတ္တကို ရအောင် အားထုတ်သော ပုဂ္ဂိုလ်သည် အဓိစိတ္တ သုတ် အဓိပ္ပါယ် ကို ကျနစွာ သေချာ သိ၍ ထားရာ၏။ နာရီအချိန်ထား၍ ဝိပဿနာတရား အားထုတ်ရာ၌ ဤ အဓိစိတ္တ သုတ်၏အဓိပ္ပါယ်ကို ကောင်းစွာဟောကြားပြသပါအံ့။ နှစ်ခြိုက် ရွှင်လန်းစွာမှတ်သားကြကုန်လော့။

(၁) သမာဓိနိမိတ်၊ မှာစိတ်တည်ကြည် ငြိမ်သက်ခြင်း၏ အကြောင်း ဖြစ်သော၊ ထွက်သက် ဝင်သက် အာရုံစသည်တည်း။

(၂) ပဂ္ဂဟနိမိတ်၊ မှာစိတ်ကြွရွှင်မြူးခြင်း၏အကြောင်း ဖြစ်သော၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ စသည်တည်း။

(၃) ဥပက္ခာနိမိတ်၊ မှာစိတ်ဗျာပါရ မသက်သန်ခြင်း၏ အကြောင်းဖြစ်သော၊ ဓာတု မနသိကာရ စသည်တည်း။

(၁) ကမ္မဋ္ဌာန်း အလုပ် ခွင်သို့ ဝင်သော ပုဂ္ဂိုလ် ၏ စိတ်သည် ရန်ခါကမ္မဋ္ဌာန်းအလုပ်၌ ထက်သန်ရွှင်လန်းခြင်းမရှိ၊ နွဲ့နွဲ့နှေးနှေးဖြစ်၍ နေတတ်သည်။

(၂) ရန်ခါ ထိုအလုပ်၌ ထက်သန် ရှင်လန်းခြင်း လွန်၍ သူတပါးကို ငါလို ဖြစ်စေရအောင် ဟောလိုက်မည်၊ ပြောလိုက်မည်၊ ဘယ်သို့ ဟောလိုက်မည်၊ ဘယ်သို့ ပြောလိုက်မည်ဟု စိတ်ပျံ့လွင့်၍ နေတတ်သည်။ ရန်ခါ၌ မိမိကိုယ်ကို ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါ မဟုတ်၊ ငါ မဟုတ်၊ သူ မဟုတ်၊ ယောကျ်ား မဟုတ်၊ မိန်းမ မဟုတ် စသည်ဖြစ်၍ နေသဖြင့် သံသရာ ဘေးကိုပင် အကြောက် အလန့် လျော့ပါးလျက်၊ ထိုအလုပ်၌ ဝီရိယ ပြော့ညံ့၍နေတတ်သည်။

(၁) စိတ်နှုံ့နှေး၍ နေသောအခါ၊ ထွက်သက်ဝင်သက် အစရှိသော သမာဓိ နိမိတ်ကို နှလုံးမသွင်းလင့်၊ အဘယ့်ကြောင့်နည်းဟူမူ၊ နှုံ့နှေးသော စိတ်ကို နှုံ့နှေးသည်ထက် နှုံ့နှေးအောင် အားပေးမှုဖြစ်၍ နေလိမ့်မည်။

(၂) ရန်ခါ ဝိပဿနာအလုပ်၌ ထက်သန် ရှင်လန်းခြင်း လွန်ကဲနေသောအခါ ဗုဒ္ဓါနုဿတိအစရှိသော ပဂ္ဂဟနိမိတ်ကို နှလုံး မသွင်းလင့်၊ အဘယ့် ကြောင့် နည်း ဟူမူ ထက်သန် ရှင်လန်း သည်ထက် ထက်သန် ရှင်လန်းအောင် အားပေးမှု ဖြစ်၍။ ထိုဝိပဿနာ အာရုံကိုလွှတ်၍၊ သူတပါးတို့ကို ငါလို ဖြစ်ကြစေအောင် ဘယ်လို ပြောလိုက်မည်။ ဘယ်လို ဟောလိုက်မည် အစရှိသည်ဖြင့်၊ စိတ်ပျံ့လွင့်၍ နေတတ်သည်။

(၃) ရန်ခါ ဝိပဿနာ မနသိကာရ ဗျာပါရ ပြော့ညံ့၍ နေသော အခါ၊ ဓာတု မနသိကာရ အစရှိသော ဥပက္ခာနိမိတ်ကို နှလုံး မ သွင်း လင့်။ အ ဘယ် ကြောင့် နည်း ဟူမူ ဝိပဿနာ မနသိကာရ၊ ဗျာပါရ၊ ပြော့ညံ့သည်ထက် ပြော့ညံ့အောင် အားပေးမှုဖြစ်၍နေလိမ့်မည်။

(၁) ဝိပဿနာအလုပ်၌ စိတ်နှုံ့နှေး၍ နေသောအခါ၊ စိတ်ထက်သန်လာအောင် အပယ်ဘေး, သံသရာဘေးများကို ဆင်ခြင်ရမည်။

(၂) စိတ်ကြွရွ ရှင်မြူးလွန်း၍ နေသောအခါ၊ မရဏာနုဿတိများကို ဆင်ခြင်၍ နှိမ်နင်းနိုင်ရမည်။

(၃) စိတ်၊ ဥပက္ခာ အားကြီး၍ နေသောအခါ ဝိရိယာရဗ္ဘဝတ္ထုများကို ဆင်ခြင်၍ဖြေဖြောက်ရမည်။

## ဤကား အမိစိတ္တသုတ်၏ အဓိပ္ပါယ်လိုရင်း အကျဉ်းချုပ်တည်း။

ဝိပဿနာအလုပ် မည်သည်ကား။ တဏှာဂါဟ၊ မာနဂါဟ၊ဒိဋ္ဌိဂါဟ၊ ဤဂါဟတရားသုံးပါးကို ပယ်နှုတ်မှုတည်း။ ထို ဂါဟတရား သုံးပါး သည်လည်း သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိ ဝိပ္ပလ္လာသ ဟူသော ဝိပ္ပလ္လာသ တရားသုံးပါးကြောင့်ဖြစ်သည်။ ဝိပ္ပလ္လာသတရား သုံးပါးသည်လည်း အဝိဇ္ဇာကြောင့်ဖြစ်သည်။ အဝိဇ္ဇာကြောင့် ဝိပ္ပလ္လာသ, တရားသုံးပါးဖြစ်သည်။ ဝိပ္ပလ္လာသ, တရား သုံးပါးကြောင့် ဂါဟတရား သုံးပါး ဖြစ်သည်။ ဂါဟတရား သုံးပါးကြောင့် သံသရာဝဋ္ဋတရား အစုအခဲ ပွါးစီး၍ နေလေသည်။ ဝိပ္ပလ္လာသတရားသုံးပါးတို့၌ စိတ္တဝိပ္ပလ္လာသ,သည် အချက်အချာဖြစ်၏။ စိတ္တ ဝိပ္ပလ္လာသ,သည် အနက် အနဲ အမြင် အထင် စူးရှ၍ သွားသော်၊ ဒိဋ္ဌိ ဝိပ္ပလ္လာသ ဖြစ်ပွါး၍ သွားသည်။ သညာ

သည်ကား၊ စိတ်၏ နောက်လိုက် ဒိဋ္ဌိ၏ နောက်လိုက် ပေတည်း။

ဥပမာကား။ ။သဏ္ဌာန်အားဖြင့် ဆင်နှင့်တူလှစွာသော ချုံအပေါင်း တို့၏ တည်ရာ တော တခုသည် ရှိသတတ်။ ထို တောမှာ ဆင် အများ ရှိသည်ဟု ပြောဆို ကြသော စကားသည်ရှိ၏။ ခရီးသွား မျက်စိလည်သောသူသည် ညအခါ ထို တော အလယ်သို့ ရောက်လေ၏။ တိမ်မြူ မှေးရှက်၍ လသည် မှုံဝါးဝါးသာ ရှိ၏။ လေလည်း အနည်းငယ် လာ၏။ ထို သူသည် ဤ တောမှ ဆင် အများ ရှိသည်ဟု ကြားခဲ့၍ ဆင်ကို စိတ်စွဲလျက် ထိုတောသို့ ရောက်လေရာ အလုံးစုံသော ချုံတို့ကို မြင်ရာ ဆင်တွေဟု ကြောက်လန့်၍ ပြေးလေရာ၊ ချောက် ကမ်းပါး၌ ကျ၍ သေဆုံး လေ၏။ အကုသိုလ်စိတ်နှင့်သေ၍ အပါယ်သို့ကျလေ၏။

ချုံကို ဆင်ဟု မှတ်ထင်ရန် အကြောင်းကား၊ လရောင် ဖြစ်၍ အရောင် အားနည်းသည့် အတွက် ချုံ၏ ဇာတိ အကုန်မပေါ်ရှိ၏။ နေရောင်ဖြစ်မူ အကုန်ပေါ်အံ့။ တိမ်မြူ မှေးလည်းဖုံးပြန်၏။ ကြဲရဲရှိသော ချုံသည် တသားတည်း ပိန်းဖြစ်၍ နေ၏။ လေသုတ်၍ လှုပ်လျက် ရှိပြန်၏။ ဤ တောမှာ ဆင်တွေ ရှိသည်ဆိုသော ဥဒါန်းလည်း ရှိလျက် နေ၏။ ဤ အကြောင်းစုကြောင့် ချုံ တွေကို ဆင် တွေဟု အပြီးမှတ်ထင် ပြေးလေ၏။

နေ့အခါ ထိုတောသို့ သွားသောသူတို့မှာ နေရောင်ဖြစ်၍ ချုံဇာတိအကုန်အလင်းပေါ်၏။ ဆင်ဟူ၍စိတ်မဖြစ်၊ ထိုတော ချုံတို့မှ လိုရာထင်း, ဟင်းသီး, ဟင်းရွက်, ဆေးမြစ်, ဝါးမြစ်

တို့ကိုယူဆောင်သွားကြကုန်၏။ တောချုံစုနှင့် ခန္ဓာကိုယ်တွေ တူ၏။ လရောင် အာရမ္မဏ ဝိဇာနန သဘော ရှိသော စိတ်ဝိညာဏ် တူ၏။ တိမ်မြူနှင့် အဝိဇ္ဇာ တူ၏။ လေသုပ်သည်နှင့် မိစ္ဆာဝိတက် တူ၏။ ညအခါ ခရီးသွားသူနှင့် အန္ဓပုထုဇန်တူ၏။ ဆင်တွေယင်မှတ်၍ ပြေးသည်နှင့် ခန္ဓာတွေကို ပုဂ္ဂိုလ်, သတ္တဝါ၊ မည်သူ, မည်ဝါ၊ ငါဘဲ, သူဘဲ, အလွဲလွဲ အမှား, စိတ်လှုံပ်ရှား, ကိလေသာ ပွါးများ, ကံ ပွါးများ၍ နေမှုတူ၏။

နေ့အခါ ခရီးသွားသူနှင့် ဝိပဿနာ ယောဂီ အရိယာ ပုဂ္ဂိုလ်စုတူ၏။ နေရောင်နှင့် ဝိပဿနာဉာဏ်- မဂ်ဉာဏ်တူ၏။ ချုံဇာတိအကုန် အလင်းပေါ်သည်နှင့် ခန္ဓာ ဇာတိ အလင်းပေါ်မှုတူ၏။ ချုံရိပ်ကိုခို၍ အလိုရှိရာချုံမှယူ၍ ချမ်းသာစွာ သွားသည်နှင့် ဝိပဿနာ,သုခ မဂ်,သုခ ဖိုလ်,သုခ တူ၏။ ရှေ့ဖြစ်သော လရောင် ဥပမာဖြင့် စိတ္တ ဝိဿနာဉာဏ်, စိတ္တ ဝိပ္ပလ္လာသ၏ အချက်ကို ထင်မြင်စေသည်။

လရောင်သည် ချုံဇာတိကို အတွင်း အပြင်း အကုန် အလင်း မပြနိုင်ခြင်းကြောင့်၊ ချုံသည် ထိုသူမှာ ဆင်ပကတိ ဖြစ်၍နေ၏။ ထို့အတူ သတ္တဝါတို့၏ စိတ်သည် ခန္ဓာကြီးကို ပရမတ် သဘောပေါက်အောင် မပြုနိုင်ခြင်းကြောင့်၊ အလုံးစုံသော သတ္တဝါတို့၏ ခန္ဓာတွေသည် ထိုသူတို့မှာ ပုဂ္ဂိုလ် သတ္တဝါတွေ, မိန်းမတွေ, ယောကျ်ားတွေ, ဥက္ခောင်း, ခြေ, လက်, စသည်တွေ ဖြစ်၍နေကုန်၏။

လရောင်သည် ချုံကိုချုံအတိုင်း ထင်မြင်အောင်မပြမူ၍။ ဆင်ပကတိ ထင်မြင်အောင် လိမ်လည် လှည့်စား၍ ပြသကဲ့သို့။ စိတ်သည် ခန္ဓာ တွေကို ခန္ဓာ အတိုင်း ထင်မြင်အောင် မပြ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည် ထင်မြင်အောင် လိမ်လည်လှည့်စား၍ပြ၏။

ထို့ကြောင့် မာယူပမဉ္စ ဝိညာဏံ ဟု ဟောတော်မူသည်။ ဝိညာဏံ၊ ဝိညာဏ်သည်။ မာယူပမံ၊ မျက်လှည့်သည်ကြီးနှင့် တူ၏။ (အနက်) ဤကား စိတ္တဝိပ္ပလ္လာသ၏ အချက်ကို ပြဆို ခြင်းတည်း။

## ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

### လက္ခဏာသုံးပါး

၁။ အနိစ္စလက္ခဏာ တပါး။

၂။ ဒုက္ခလက္ခဏာ တပါး။

၃။ အနတ္တလက္ခဏာ တပါး။

(၁) အနိစ္စလက္ခဏာ ဆိုသည်ကား ဝိပရိဏာမ အချက် အညထာ ဘာဝ အချက်တည်း။ ဝိပရိဏာမ ဆိုသည်ကား ပကတိအတိုင်း မဟုတ်ဘဲ ဖေါက်ယဲ ဖေါက်ပြန် ဖြစ်ခြင်းတည်း။ အညထာဘာဝ ဆိုသည်ကား ရှေ့နောက်မတူ အမူ အယာ ပြောင်းလဲခြင်းတည်း။

ဤ ဝိပရိဏာမ အညထာ ဘာဝ အချက်ကို မြင်လျှင် ဤ အချက်၌ရှိနေကြသော ရုပ်တရား, နာမ်တရားများကို အနိစ္စ မျိုး အမှန်ဖြစ်သည်ဟုသိမှတ်နိုင် ဆုံးဖြတ်နိုင်၏။ ထို့ကြောင့်

ထိုအချက်ကို အနိစ္စလက္ခဏာဟု ဆိုရ၏။ ညဥ့်အခါ ညှိထွန်း၍ ထားသော မီးတောက်ကို ကြည့်ရှု၍ နေရာ ထိုမီးတောက်မှာ အာစယရုပ်, ဥပစယရုပ်, သန္တတိရုပ်, ဇယတာရုပ်, အနိစ္စတာ ရုပ်ဟူ၍ လက္ခဏာရုပ် ငါးပါးကို သိမြင်ရ၏။ မီးတောက်၌ အသစ် အသစ် ဖြစ်ပေါ် ပေါက်ပွါးမှုသည် ထင်မြင်ရ၏။ ထိုအမှုသည် ဥပစယ ရုပ် ပေတည်း၊ မီး ရုပ် မဟုတ်။ မတိုး မယုတ် အစဥ် တည် နေမှု သည်လည်း ထင်မြင် လာရ၏။ ထိုအမှုသည် သန္တတိ ရုပ်ပေတည်း၊ မီးမဟုတ် မီးတောက်၏ ဆုတ်ယုတ်မှုသည်လည်း ထင်မြင်ရ၏။ ထိုအမှုသည် ဇယတာ ရုပ် ပေတည်း။ မီးမဟုတ် ချုပ်ကွယ်မှုသည်လည်း ထင်မြင် ရ၏။ ထိုအမှုသည် အနိစ္စတာရုပ်ပေတည်း။ မီးမဟုတ် ပူမှု သည်သာလျှင် မီး အမှန်ဖြစ်၏။ ထို လက္ခဏာရုပ် ငါးချက် အတွက်ကြောင့် တလှုပ်လှုပ် နေ၏။ တည်ရာဌာန ရွေ့ရှား မှုကြောင့် လှုပ်သည်လည်းရှိ၏၊ ဝါယောအလှုပ်ပေတည်း။

ထို လက္ခဏာ ငါးချက်သည် မီး၏ အညဥ္ဇာဘာဝ ဟု ဆိုအပ်သော အနိစ္စ လက္ခဏာ ပေတည်း။ ထို လက္ခဏာ ငါးချက်ကိုမြင်၍ မီးသည် အနိစ္စမျိုးဟု သိနိုင်၏။ လှုပ်လှုပ် ရွရွ ထင်မြင်သမျှမှာ ဤနည်းချည်းမှတ်။ ပကတိမျက်စိဖြင့် မမြင်ကောင်း၊ ဒိဗ္ဗ စက္ခု မှန်ပြောင်းဖြင့် ကြည့် ရှုမှ သာ မြင်ရသော ပရမာနုမြူမျှသော ရုပ်သန္တာန် များမှာလည်း လှုပ်လှုပ်ရွရွ ထင်မြင်ရ၏။ လှုပ်လှုပ်ရွရွ ထင်မြင်ရသည့်အတွက် ပိုးသတ္တဝါမျိုး ဟူ၍ပင် မှတ်ထင်ကြကုန်၏။ ပိုးသတ္တဝါမျိုး မဟုတ်ပေ။ ဥတု ဟူသော မီးဓာတ်၏ အစွမ်းဖြင့် ဥတုဇ

ရုပ်တရား ပေါက်ပွါးမှုပေတည်း။ အာစယရုပ် ပေါက်ပွါးမှု ဆိုသည်ကား အချို့ဝတ္ထုတို့မှာ ပိုးသတ္တဝါများလည်း ပါရှိပါပေရာ၏။ စီး၍နေသောမြစ်ရေချောင်းတို့၌၎င်း၊ ဆူပွက်၍နေသော ရေတို့၌၎င်း လှုပ်လှုပ် ရွရွ ထင်မြင်ရ၏။ ဥတုဇ ရုပ်တရား ပေါက်ပွါးမှု ပေတည်း။ ပကတိ မျက်စိအမြင်တွင် တည်ငြိမ်၍ နေသော ရေတို့၌လည်း မှန်ပြောင်း အမြင်မှာ ပေါက်ပွါး၍ လှုပ်ရှားလျက်ပင် ထင်မြင်ရ၏။

ပေါက်ပွါးမှု ဆိုသည်ကား အသစ် အသစ် အဆင့်ဆင့် ဖြစ်ပေါ်ခြင်းဟူသော အာစယရုပ်၏ အခြင်းအရာပေတည်း။ ထို အသစ်အသစ် အဆင့်ဆင့် ဖြစ်ပေါ်မှုကို ထင်မြင်ရသဖြင့် အဟောင်း အဟောင်း၏ အဆင့် အဆင့် ပျောက်ကွယ်မှု ဟူသော အနိစ္စတာ ရုပ် သည်လည်း ထင်ရှားလှလေ၏။ ရုပ်သစ် ဖြစ်ပေါ်မှုနှင့် ရုပ်ဟောင်း ပျောက်ကွယ် မှုသည် အနည်းအများ ကူမျှသည်လည်းရှိ၏။ သန္တတိရုပ်၏ အချက်ပေတည်း။ ရုပ်သစ် ဖြစ်ပေါ်မှုက အဆင့်အဆင့် တိုးတက်ပွါးများ၍ လာသည်လည်းရှိ၏၊ ဥပစရုပ်၏အချက်ပေတည်း။ ရုပ်သစ် ဖြစ်ပေါ်မှုက အဆင့်ဆင့် ယုတ် လျော့ ပေါ့၍ လာသည်လည်း ရှိ၏။ ဇယတာ ရုပ်၏ အချက် ပေတည်း။ သစ်မြစ်, သစ်ပင်, သစ်ကိုင်း, သစ်ခက်, သစ်ရွက်, သစ်ညွန့်, သစ်ပွင့်,သစ်သီးတို့၌ အသီးအသီး လက္ခဏာ အချက်ငါးပါး ငါးပါးစီ ရှိကြသည်ကို သစ်မြစ်, သစ်ပင်, စသည်တို့ကို ဒိဗ္ဗ စက္ခုဖြင့်ကြည့်ရှုခဲ့သော် အလွန်သေးငယ်လှသော ပိုးသတ္တဝါ တွေ့ အပြည့်။ တလှုပ်လှုပ် တရွရွ ရှိနေကြသကဲ့သို့ ထင်မြင် ကြရကုန်၏။ (ဥတုဇ ရုပ် တို့၏ ပေါက်ပွါးမှု လက္ခဏာ

ရုပ်ခန်းတွင်ဆိုခဲ့ပြီ) ထို လက္ခဏာအချက်ငါးပါးစီ ရှိကြသည့် အတွက်ကြောင့်ပေတည်း။

ပုဂ္ဂိုလ် သတ္တဝါတို့၏ ရုပ်ခန္ဓာ တို့မှာလည်း ဆံပင်တို့၌ လက္ခဏာအချက်ငါးခု၊ မွေးညှင်းတို့၌ ခြေသည်း, လက်သည်း တို့၌၊ သွားရိုးတို့၌၊ အရေထူ အမွေးပါး တို့၌၊ အသားလွှာ အသားခဲ အသားတုံးတို့၌၊ အကြောကြီး အကြောငယ် တို့၌၊ အရိုးကြီး အရိုးငယ်တို့၌၊ ခြင်ဆီခဲတို့၌၊ အညှိုခဲတို့၌၊ နှလုံးခဲ၊ အသည်းခဲ၊ အမွှေးလွှာ အဆုပ်ခဲ၊ အူမကြီး၊ အူသိမ်ငယ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်ခဲ တို့၌၊ အသီးသီး လက္ခဏာအချက် ငါးခုစီရှိကြ၏။ ထို လက္ခဏာအချက်ငါးခုစီ ရှိကြသည့် အတွက်ကြောင့် ဆံပင်, မွေးညှင်း စသည်တို့ကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ခဲ့သော် အလွန် သေးငယ်လှသော ပိုး သတ္တဝါတွေအပြည့် လှုပ်လှုပ် ရွရွ ရှိနေကြ သကဲ့သို့ ထင်မြင် ကြကုန်ရာ၏။

ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့နှင့် တကွ၊ ဥတုဇ ရုပ်တို့၏ ပေါက်ပွါးမှု ပေတည်း။ ပိုးသတ္တဝါတို့ သည်လည်း ပါရှိကြပေရာ၏။ ဤသို့လျှင် လက္ခဏာ ငါးခုတို့ကို ဉာဏ်ပညာ စက္ခုဖြင့် ကြည့်ရှု တတ်ကြ ပါကုန် မူကား၊ တကိုယ်လုံး တကောင်လုံး၌ ရှိသော ရုပ်တရားတို့၏ အနိစ္စလက္ခဏာသည် ထင်ရှားကြလေရာ၏။

( ဤကား— ရုပ်တရားစု၏ အနိစ္စလက္ခဏာကို ပြဆို ခြင်းတည်း။ )

စိတ်စေတသိက် ရုပ်, နာမ်, တရားတို့၌လည်း ဝိပရိဏာမ
အညဉ္ဉဘာဝ- ဟူသော အနိစ္စ လက္ခဏာသည် ထင်ရှား
ရှိသည်သာဖြစ်၏။ လောက၌ ရုပ်ခေတ် နာမ်ခေတ် တို့၏
ဖြစ်ပုံ ပျက်ပုံ အထူးအပြား တွေကို အစွဲပြု၍ ဖြစ်နေသော
ဝေါဟာရ စကား အထူး အပြား တွေကို သိတတ်ကြရာ၏။
မျက်စိမြင်မှု၌ မြင်-မမြင် ဟူ၍ စကား နှစ်ခွန်း ရှိ၏။ ထိုတွင်
မြင်ဆိုသည်ကား စက္ခုဝိညာဏ်ခေတ် အမည်ပေတည်း။

၁။ စက္ခုပ္ပသာဒရုပ်။

၂။ ရူပါရုံ။

၃။ အာလောက။

၄။ မနသိကာရဟူသော အကြောင်းတရားလေးပါး
ပေါင်းဆုံမိ၏။

စက္ခုဝိညာဏခေတ် ဖြစ်ပေါ်မှုကို မြင်သည်ဟုခေါ်ကြ၏။
မမြင် ဆိုသည်ကား စက္ခုဝိညာဏခေတ် ချုပ်ကင်း၍
နေသည်ကိုဆို၏။ ညဉ့်မှောင်တွင်း၌ အာလောကအကြောင်း
မရှိသည့်အခါ မျက်စိ၌ စက္ခုဝိညာဏခေတ်မရှိ ချုပ်ကင်း၍
နေ၏။ မီးအလင်း ရှိပြန်လျှင် စက္ခုဝိညာဏခေတ် ရှိပြန်၏၊
ပေါ်ပြန်၏၊ မြင်ပြန်၏။ မီးအလင်း ကွယ်ပြန်လျှင် စက္ခု
ဝိညာဏခေတ် ချုပ်ကွယ်ပြန်၏။ ဤ၌ မီးတောက်မှာ အချက်
ငါးပါး ရှိသည့် အတိုင်း မီးအလင်း ဖြစ်ပေါ်လျှင် အမြင်
ပြန်ပေါ်၏။ မီး အလင်းရောင် ပွါးလျှင် အမြင်ပွါး၏။ မီး
အလင်းရောင်တည်နေလျှင် အမြင်တည်နေ၏။ မီးအလင်းရောင်
ဆုတ်ယုတ်လျှင် အမြင်ဆုတ်ယုတ်၏။ မီးအလင်း ချုပ်ကွယ်
လျှင် အမြင်ချုပ်ကွယ်၏။ နေ့အခါ၌လည်း မြင်-မမြင် ဟူ၍

စကားနှစ်ခွန်းရှိ၏။ အကွယ်အကာ မရှိလျှင် မြင်၏။ အကွယ်အကာရှိလျှင် မမြင်။ မျက်တောင်ခတ်မှု၌ မျက်ခွန် ဖွင့်ခိုက်မြင်၏။ မျက်ခွန်ဖုံးခိုက်မမြင်။ ဤကား အာလောက ဟူသောအကြောင်း အတွက် စက္ခုဝိညာဏ၏ ဝိပရိဏာမ အညထာဘာဝ ဖြစ်ပုံတည်း။

ပဋိသန္ဓေမှ နောက်၌ ဘယ်အခါ မဆို စက္ခု ဝတ္ထုရုပ်ပျက်ဆုံးခဲ့လျှင် စက္ခုဝိညာဏ်လည်း ကွယ်ဆုံးလေတော့သည်၊ အကြင်အဆင်းကို မြင်၏ ထိုအဆင်း ကွယ်ဆုံးလျှင် ထိုအမြင်ကွယ်ဆုံးလေတော့သည်။ အိပ်ပျော်၍ နေစဉ်အခါ ပဏာသီကာရ ကွယ်ပျောက်၍ နေသည့်အတွက် စက္ခုဝိညာဏ်လည်းကွယ်ပျောက်၍နေတော့သည်။

ဒုက္ခ လက္ခဏာ ဆိုသည်ကား ပြဆိုခဲ့ပြီးသော အနိစ္စလက္ခဏာ များ သည် လည်း သံသရာ၌ ပညာရှိတို့ ကြောက်လန့်ဘို့ ကောင်းလှသောကြောင့်၊ အကျဉ်း အားဖြင့် ဒုက္ခလက္ခဏာမည်၏။ ဝိပရိဏာမအချက် အညထာဘာဝအချက်များပေတည်း။ ထိုအချက်များသည် အဘယ်ကြောင့် ပညာရှိတို့ ကြောက်လန့်ဘို့ ကောင်းသနည်း ဟူမူကား....လောက၌ဇရာဘေး၊ မရဏဘေးများသည် အကြီးဆုံးသော ဘေးများဖြစ်ကြ၏။ ဝိပရိဏာမ ဆိုသည်လည်း ခဏိက ဇရာဘေး၊ ခဏိက မရဏ ဘေးများဖြစ်ကြ၏။ သေပေါက်, သေလမ်းဖွင့်မှု ချည်းပင် ဖြစ်ကြ၏။ ဝိနိပါတ လမ်း ဖွင့်မှုချည်းပင်ဖြစ်ကြ၏။ ပုထုဇဉ်တို့နှင့် အစဉ်မပျက် အလျင် ဆက်နိုင်လှ၍သာလျှင် ဘဝ မပြောင်း သေးဘဲ ရှိနေကြ၏။ ထို့ အတူ

လောကဌ် မိမိကိုယ်သန္တာန်မှာ ထိုထိုအကျိုးမဲ့များ ဖြစ်ပေါ် ပေါက်ဖွါး တည်နေမည်များကိုလည်း ကြောက်ကြရကုန်၏။ အညတ္ထ ဘာဝဌ် အာစယ ဥပစယ သန္တတိ များသည် ကိုယ်သန္တာန်မှာ ထိုထို အကျိုးမဲ့ များကိုလည်း ဖွင့်လှစ် တည်ထောင်ကြရ၏။

စိတ်သန္တာန်မှာကိလေသာအမျိုးမျိုး ဝိပ္ပလ္လာသအမျိုးမျိုး အကျိုးမဲ့များကိုလည်း ဖွင့်လှစ်တည်ထောင်ကြ၏။ ရုပ်သန္တာန်မှာ ရောဂါ အမျိုးမျိုး၊ အနာ အမျိုးမျိုး၊ အကျိုးမဲ့များကိုလည်း ဖွင့်လှစ်တည်ထောင်ကြရ၏။

ရုပ်ဟူသမျှ သည်လည်း အနိစ္စ လက္ခဏာနှစ်ပါး ရှိကြ၏။ ကာမ နာမ်၊ ရူပ နာမ်၊ အရူပ နာမ် ဟူသမျှ သည်လည်း ထို အနိစ္စ လက္ခဏာ နှစ်ပါးရှိကြ၏။ ထို့ ကြောင့် လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ၊ နတ် ခန္ဓာ၊ ဗြဟ္မာ့ဘဝ၊ ဗြဟ္မာ့ခန္ဓာ၊ များသည် ဒုက္ခအမျိုးသာ အမှန်ဖြစ်၏။ ထို အနိစ္စ လက္ခဏာ နှစ်ပါးနှင့် အမြဲ ယှဉ်ခြင်းကြောင့်၊ အလဲအလှယ် အားဖြင့် ဒုက္ခလက္ခဏာ သုံးပါးရှိ၏။ ဒုက္ခ၊ ဒုက္ခတာတပါး၊ သင်္ခါရ ဒုက္ခတာတပါး၊ ဝိပရိဏာမ ဒုက္ခတာ တပါး၊ ဒုက္ခ၊ ဒုက္ခတာ ဆိုသည်ကား ကိုယ့်သန္တာန်၌ဖြစ်ပေါ်တတ်သော စေတသိက် ဒုက္ခဝေဒနာမျိုးတို့ကို ဆိုသတည်း။ သင်္ခါရ ဒုက္ခတာ ဆိုသည် ကား ဘဝတိုင်းဘဝတိုင်း အမြဲမပြတ် ကြောင့်ကြစိုက်ထုတ်၍ ပြုစုနိုင်မှ တည်နေနိုင်ကြသော ရုပ်တရား နာမ်တရားမျိုးတို့၏ သင်္ခါရ သဘောမျိုးကို ဆိုသတည်း။

ဗြဟ္မာဘဝ ဗြဟ္မာခန္ဓာများသည် သင်္ခါရ ဒုက္ခကြီးလှ၏။ ကာမတရားတို့ကို စွန့်လွှတ်ပြီးလျှင် တောထွက်၍ အသက်ခန္ဓာကိုပင် မညှာမတာဘဲ ချိုးခြံစွာကျင့်ဆောင်နိုင်ပါမှ တရာတွင် တယောက်မျှ အလွန် ကျင့်နိုင်ခဲလှ၏။ အလွန် ကောင်းမွန်းသိကြလျက်နှင့်ပင် မကျင့်နိုင်ကြ၊ ဒုက္ခ ကြီးစွာ ထင်ကြရ၏။ ဝိပရိဏာမ ဒုက္ခ ဘေးလည်း အလွန် ကြီးလှ၏။ စျာန်အဘိညာဏ်တို့ မည်သည် ရရှိပြီးနောက် စောင့်ရှောက်မှု ဒုက္ခ ကြီးလှ၏။ အနည်း ငယ် မျှ သော အကြောင်းနှင့်ပင် ခဏခြင်း ပျက်စီးတတ်ကြကုန်၏။

ဝိပရိဏာမ ဒုက္ခတာ ဆိုသည်ကား ပဋိသန္ဓေ နေပြီးသည်မှ နောက် ကာလ၌။ ဘယ်အခါ-မဆို ဘယ်နေ့ရက်မှာ-မဆို ဘယ်နာရီမှာ မဆို ပျက်ခွင့် ဆိုက်လျှင် ပျက်တတ်ခြင်း။ သေခွင့်ဆိုက်လျှင် သေတတ်ခြင်းကို ဆိုသတည်း။

လူ့ဘဝ- လူ့ခန္ဓာ၊ နတ်ဘဝ- နတ်ခန္ဓာ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာ များသည် ထိုလက္ခဏာ သုံးပါးနှင့် ထိုက်သည့် အားလျော်စွာ ယှဉ်ခြင်းကြောင့် ဒုက္ခမျိုးသာအမှန်ဖြစ်ကြ၏။ အကျယ်အားဖြင့်မူကား ဒုက္ခလက္ခဏာ (၁၁) ပါးရှိ၏။

၁။ ဇာတိဒုက္ခ၊
၂။ ဇရာဒုက္ခ၊
၃။ မရဏာဒုက္ခ၊
၄။ သောကဒုက္ခ၊
၅။ ပရိဒေဝဒုက္ခ၊
၆။ ကာယိကဒုက္ခ၊
၇။ စေတသိကဒုက္ခ၊

၈။ ဥပယာသဒုက္ခ၊
၉။ အပိယသမ္ပယောဂဒုက္ခ၊
၁၀။ ပိယဝိပ္ပယောဂဒုက္ခ၊
၁၁။ ဣစ္ဆာဝိဃာတဒုက္ခ၊

ထိုတွင် ဇာတိဆိုသည်ကား-ဖြစ်ပေါ်မှုပွါးများမှုပေတည်း ထိုဇာတိသည် ကိလေသာ ဇာတိ, ကမ္မ ဇာတိ, ဝိပါက ဇာတိ ဟူ၍ သုံးပါးရှိ၏။ ထိုတွင် ကိလေသာဇာတိ ဆိုသည်ကား လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန အစရှိကုန်သော ကိလေသာတရားတို့ ဖြစ်ပေါ်မှု ပွါးများမှုသည် ကိလေသာ ဇာတိမည်၏။ ကမ္မဇာတိ ဆိုသည်ကား- ဒုစရိုက် ကံတရား၏ ဖြစ်ပေါ်မှု ပွါးများမှုသည် ကမ္မဇာတိမည်၏။ ဝိပါကဇာတိ ဆိုသည်ကား ကိုယ်ခန္ဓာတွင် ရောဂါမျိုး, အနာမျိုး, ဝေဒနာ မျိုးတို့၏ ဖြစ်ပေါ်မှု, ပွါးများမှု ယုတ်ညံ့လှသော ဘဝခန္ဓာ တို့၏ ဖြစ်ပေါ်မှု,ပွါးများမှုတို့တို့ ဝိပါကဇာတိဆိုသတည်း။

ထိုတွင် ကိလေသာဇာတိ၌ လောဘဟူသော ကိလေသာ တို့သည် အလွန်သောင်းကျန်း၏။ ဘယ်အခါမဆို ဖြစ်ပေါ်ခွင့် ဆိုက်ခဲ့လျှင် ယမ်းပုံမီးကျ တားဆီး မရ ဖြစ်ပေါ် တတ်၏။ ပွါးများခွင့် ရှိလျှင် မပယ်နိုင် မရှားနိုင် ပွါးများတတ်၏။ ထို့ကြောင့် ထိုလောဘ၏ ဇာတိသည် အရိယာ ပညာရှိတို့ အလွန် ကြောက်လန့်ဘို့ ကောင်းသည်ဖြစ်၍ ဒုက္ခ မည်၏။ ဒေါသ- ကိလေသာ မောဟ- ကိလေသာ အစရှိကုန် သော တထောင် ငါးရာ ကိလေသာ တို့သည် ဇာတို့ တို့၌လည်း ထို့အတူတည်း။

အဆိပ်ထန်သော မြွေနဂါးတို့၏ နေရာဌာန ဖြစ်သော တောင်ပို့များသည် အနီး အနားသို့ မချဉ်းဝံ့ မကပ်ဝံ့ ကြောက်ရွှံ့ဘွယ်တွေ ဖြစ်နေကြ သကဲ့သို့ လူ့ဘဝ လူ့ခန္ဓာ နတ်ဘဝ နတ်ခန္ဓာ, ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာ များသည်လည်း ထို ကိလေသာ ဓာတိတို့ ဖြစ်ပွါးရာ တည်နေရာ ဌာနများ ဖြစ်ကြ၍ ငါ၏ကိုယ်, ငါ၏ ခန္ဓာ ဟု အရိယာ ပညာရှိတို့ မချဉ်းဝံ့ မကပ်ဝံ့ ကြောက်ရွှံ့ဘွယ်တွေ ဖြစ်သော ကြောင့် ဒုက္ခမျိုးသာ အမှန်ဖြစ်၏။

ကမ္မဓာတိ၌ ပါဏာတိပါတ အစရှိသော ကာယဒုစ္စရိုက်, ဝစီ ဒုစ္စရိုက်, မနော ဒုစ္စရိုက်, အမိုက် အမှား ကံ, တရား တို့သည် ကိလေသာ ကံ တရားတို့၏ အပွါး အစီး တို့သာ ဖြစ်ကြ၏။ ထို့ကြောင့် ကိလေသာဓာတိ သောင်းကျန်းတိုင်း ဒုစ္စရိုက် တို့၏ ဖြစ်မှု ဟူသော ကမ္မ ဓာတိ သည်လည်း သောင်းကျန်းမြဲ ဖြစ်ရလေကား။ ထို ကမ္မဓာတိ သည်လည်း အရိယာ ပညာရှိတို့ အလွန် ကြောက်လန့်ဘို့ ကောင်းလှသည် ဖြစ်၍ ဒုက္ခ မည်၏။ သူခိုး, ဓါးပြ တို့၏ နေရာဖြစ်သော ရွာများသည် မကပ်ဝံ့ မချဉ်းဝံ့ ကြောက်ရွှံ့ ဘွယ်တွေ ဖြစ်လေသကဲ့သို့၊ ထို လူ့ဘဝ, လူ့ခန္ဓာ များသည်လည်း ထို ကမ္မဓာတိ၏ ဖြစ်ပွါးရာ တည်ရာဌာနများ ဖြစ်ကြ၏။ ငါ၏ ကိုယ်, ငါ၏ခန္ဓာ ဟု အရိယာ ပညာရှိတို့ မချဉ်းဝံ့ မကပ်ဝံ့ ကြောက်ရွှံ့ဘွယ်တွေ ဖြစ်သောကြောင့်၊ ဒုက္ခမျိုးသာ အမှန် ဖြစ်၏။

ဝိပါကဇာတိ၌, ကိလေသာဇာတိ, ကမ္မဇာတိတို့ သောင်းကျန်းကြသည့်အတွက်၊ အပါယ်သို့ ကျရောက်ခြင်း ဟူသော ဝိနိပါတ, ဝိပါကဇာတိ သည်လည်း ဘဝသံသရာတွင် အစဉ် ထာဝရ သောင်းကျန်းလျက်ရှိကြ၏။

ထို့ကြောင့် ကိလေသာဇာတိ, ကမ္မဇာတိ တို့နှင့် အတူတကွ ထို ဝိပါကဇာတိ အစဉ်ပါရှိ၍နေသော လူ့ဘဝ- လူ့ခန္ဓာ, စသည်များသည်လည်း ဒုက္ခမျိုးသာ အမှန် ဖြစ်ကြ၏။ သုစရိုက် တရားများ, သုဂတိ ဘဝသည် ကိလေသာဘေး တို့၏ အဟာရများ ဖြစ်ကြကုန်၏။ ကိလေသာမီးတို့ကို ပွါးစီး စေတတ်ကြ ကုန်၏။ ထို့ကြောင့် ထို ဒုစ္စရိုက် တို့၏ ဇာတိ သုဂတိဘဝတို့၏ ဝိပါကဇာတိ များသည် ကိလေသာ ဇာတိ တို့၌ ပါဝင်လေ၏။

### ဇာတိဒုက္ခ ပြီး၏။

ဇာတိဒုက္ခ၊ မရဏ ဒုက္ခ ဟိုသည်ကား ထိုထို ဘဝ တို့၌၊ ပဋိသန္ဓေ တည်နေပြီးသည့် နောက်ကာလ၌ အဘယ် အခါ ဘယ်နာရီမဆို ယိုယွင်းခွင့် ဆိုက်ခဲ့လျှင် ယိုယွင်းတဲ့စေရန်၊ သေခွင့် ဆိုက်ခဲ့လျှင် သေတဲ့စေရန်၊ အပါယ်ခွင့် ဆိုက်ခဲ့လျှင် အပါယ် ကျတဲ့ စေရန်၊ အသင့် ရံကာ အမြဲ ရှိ၍ နေသော ခဏိက-ဇရာ, ခဏိက-မရဏာ များပင် ဖြစ်ကြ၍၊ ဝိပရိဏာမ ဒုက္ခ အဆိုမှာ ပါဝင် ကြလေသည်။ ဤ ဇရာ ဒုက္ခ မရဏာ ဒုက္ခ ဘဝ မကွာ အမြဲ ပါရှိ၍ နေသည့် အတွက်၊ လူ့ဘဝ, နတ်ဘဝ, ပြဟ္မာဘဝများသည် ဒုက္ခမျိုးသာ အမှန်ဖြစ်ကြ၏။

### ဇရာဒုက္ခ-မရဏာဒုက္ခပြီး၏။

**သော**ကဒုက္ခ၊ ပရိဒေဝဒုက္ခ၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ဥပါယာသ ဒုက္ခတို့သည်၊ လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာတို့မှာ သွားလေရာ နေနေရာဖြစ်ခွင့် ဆိုက်လျှင် ဖြစ်ကြဘို့ရာ ဝိုင်းအုံခြံရံကာ ပါရှိ၍ နေကြကုန်၏။ ငရဲဘုံ၊ ပြိတ္တာဘုံတို့သည် မူကား လောက ဘုံကြီးတွေ ဖြစ်ကြ ကုန်၏။ ပရိဒေဝဘုံကြီးတွေ, ဒုက္ခဘုံကြီးတွေ,ဒေါမနဿဘုံကြီးတွေ ဥပါယာသဘုံကြီးတွေဖြစ်ကြကုန်၏။

**သောကဒီ ဒုက္ခငါးပါး ပြီး၏။**

မတွေ့ချင်, မမြင်ချင်သော ပုဂ္ဂိုလ်သတ္တဝါ ဝတ္ထု အာရုံတို့နှင့် တွေ့မြင် ပေါင်းဘက် ဆက်ဆံရခြင်းသည်၊ အပိယသမ္ပယောဂဒုက္ခမည်၏။ အမြဲလျှင် တွေ့ခြင်း, မြင်ခြင်း, မကွဲမကွာခြင်း ပုဂ္ဂိုလ် သတ္တဝါ ဝတ္ထု အာရုံတို့နှင့် သေကွဲ-ရှင်ကွဲ ကွဲကွာရခြင်းသည် ပိယဝိပ္ပယောဂ ဒုက္ခမည်၏။ ရလိုလှ၍ တောင်းတ, တမ်းယမ်း ကြိုးပမ်း အားထုတ် လုပ်ဆောင် ရှာမှီးပါလျက် မရသေးဘဲ လွဲချော် ပျက်စီး အချည်းနှီး အမျိုးမဲ့ဖြစ်ရခြင်းသည် ဣစ္ဆာဝိဃာတဒုက္ခမည်၏။ ဤဒုက္ခများသည်လည်း လောကမှာ အလွန်များပြား ထင်ရှားလျက် ရှိကြ၏။ ထို့ကြောင့် လူ့ဘဝ-လူ့ခန္ဓာ, နတ်ဘဝ- နတ်ခန္ဓာ, ဗြဟ္မာဘဝ-ဗြဟ္မာ့ခန္ဓာ များသည် ဒုက္ခမျိုးသာ အမှန်ဖြစ်၏။ ဤဒုက္ခလက္ခဏာ (၁၀)ပါး တို့တွင် ဇာတိဇရာ မရဏဒုက္ခ အချက်သုံးပါးသည် အရေးအကြီးဆုံးဖြစ်၏။

**ဒုက္ခလက္ခဏာ ပြီး၏။**

## ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

အနတ္တ လက္ခဏာ ဆိုသည်ကား။ ရုပ်တရား, နာမ်တရား တို့ကို အနတ္တ-ဟူ၍ သိရာ- သိကြောင်း ဖြစ်သော အချက် အရာကို အနတ္တလက္ခဏာဆိုသည်။ အနတ္တ ၌ အတ္တဟူသော စကား၏ အနက် သွားကို ရှေးဦးစွာ သိထိုက်၏။ အတ္တ ဆိုသည်ကား သတ္တဝါတို့၏ အနှစ် အသား ဟု ဆိုလိုသည်။ အနှစ် အသား ဆိုသည်ကား၊ သစ္စကထာ၌ ပြဆိုခဲ့သည့် အတိုင်း၊ မြေအိုးဟူသော စကား၌၊ မြေသည် အိုး၏ အနှစ် အသားဖြစ်၏။ အိုး၏ အနှစ် အသား ဆိုသည်ကား၊ အိုး ဟူသော စကားသည် သဏ္ဌာန ပညတ်၏ အမည်တည်း။ မြေ၏အမည်မဟုတ်။ သဏ္ဌာန ပညတ် သည်လည်း ပရမတ္ထ တရားကဲ့သို့ ခေတ်နှစ်, ခေတ်သား ရှိသည်မဟုတ်။ မြေသည် သာလျှင် ပရမတ္ထတရားဖြစ်၍ ခေတ်နှစ်, ခေတ်သား ရှိ၏။ လောက၌ အိုး ဟူ၍ ရှိ၏လော ဟု ဆိုခဲ့သော် ပရမတ်နှင့် ပညတ် ခြားနားမှုကို မသိကြသောသူတို့က၊ အိုးဟူ၍ ရှိ၏ဟု ပြောကြကုန်လတံ့။ ထို အိုးဟူ၍ ရှိ၏ဟု ဆိုလျှင် ထို အိုးကို ပြစမ်းပါဟု မေးရာ၏။ ထိုအခါ အနီး၌ရှိသော မြေအိုးကို လက်ညှိုးထိုး၍၊ ဤသည်ကား အိုး မဟုတ်လော ဟု ပြကြ ကုန်လတံ့။ ထိုသို့ ပြခြင်းသည် အိုး မဟုတ်သော မြေကို အိုးဟူ၍ စွပ်စွဲခြင်းဖြစ်၏။ အစွပ်အစွဲမှား၏။

မှားပုံကား။ ။ မြေဟူသည် ပရမတ္ထမျိုးဖြစ်၏။ အနှစ် အသား မရှိ၊ ကောင်းကင် ကဲ့သို့ အချည်းနှီး သာတည်း။

မြေကို အိုးဟူ၍ စွပ်စွဲခြင်းသည်၊ မြေကို အိုး၏ အတ္တပြုခြင်းဖြစ်၏။ အနှစ် အသားရှိသော မြေကို အနှစ် မရှိသော အိုး၏အထယ်ခံ့ အပါခံ အနှစ်အသားပြုခြင်းဖြစ်၏။ မရှိသော အိုးသည် ရှိသောအိုး ဖြစ်လာ၏။ မြေသည် အိုး၏ အတ္တ ဖြစ်လေ၏။ အတ္တဖြစ်ခဲ့သော မြေသည်ပင်လျှင်အိုး။ အိုးသည် ပင်လျှင် မြေ ဟူ၍ မြေ နှင့် အိုး တခုတည်း ဖြစ်လေ၏။ ဤသို့ဖြစ်သည်ကို အစွမ်အစွဲမှားခြင်းဆိုသတည်း။

ခန္ဓာငါးပါး, ရုပ်နာမ် တရားသည် မြေနှင့်တူ၏။ ပုဂ္ဂိုလ် သတ္တဝါသည် အိုးနှင့်တူ၏။ မြေဟု အိုးဟုကိုခဲ့လျှင် အိုး၏ အတ္တ ဖြစ်လေသကဲ့သို့။ ခန္ဓာငါးပါး, ရုပ်နာမ် တရားတို့ကို ပုဂ္ဂိုလ် သတ္တဝါ၏ အနှစ်သာရ ဖြစ်လေ၏။ ဤကား အတ္တ ဟူသော စကား၏ အနက်သွားပေတည်း။ စွပ်စွဲခြင်း မှားပုံ ပေတည်း။

အနတ္တဟူသောစကား၏ အနက်သွားပုံကား။ ။ မြေအိုး ဟူသော စကား၌၊ မြေကား- တခြား, အိုးကား- တခြား, မြေသည် ပရမတ္ထ မျိုးတည်း။ အိုး- သဏ္ဍာန်သည် ပညတ် မျိုးတည်း။ ထို့ကြောင့် မြေသည် အိုး မဟုတ်၊ အိုး သည် မြေမဟုတ်၊ မြေကို အိုးဆိုလျှင် မှား၏။ အိုးကို မြေဆိုလျှင် မှား၏။ ဤသို့ဖြစ်နိုင်မှုကား မြေသည် အိုး၏ အတ္တမဟုတ်ပြီ အနတ္တ ဖြစ်လေ၏။ အိုးသည်လည်း သဏ္ဍာန ပညတ်မျှ ဖြစ်၍၊ ကောင်းကင် ပညတ်များကဲ့သို့ အချည်းနှီး ထင်ရှားလေ၏။ ထို့အတူ ခန္ဓာငါးပါး, ရုပ်နာမ်တရားသည် တခြား၊ ပုဂ္ဂိုလ် သတ္တဝါသည် တခြား၊ ခန္ဓာငါးပါး, ရုပ်နာမ် တရားသည် ပရမတ္ထမျိုးပေတည်း။

ပုဂ္ဂိုလ် သတ္တဝါ ဟူသည် သဏ္ဌာန ပညတ်၊ သန္တတိ ပညတ်မျိုးပေတည်း။ ထို့ကြောင့် ရုပ်တရား, နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ရုပ်တရား, နာမ်တရားကို ပုဂ္ဂိုလ် သတ္တဝါဟု ဆိုခဲ့လျှင် မှား၏။ ပုဂ္ဂိုလ် သတ္တဝါကို ရုပ်တရား နာမ် တရား ဟု ဆိုခဲ့လျှင် မှား၏။ ဤသို့ ဖြစ်နိုင်မှုကား ရုပ်တရား နာမ် တရား သည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တ မဟုတ်ပြီ အနတ္တ ဖြစ်လေ၏။ ပုဂ္ဂိုလ် သတ္တဝါ သည်လည်း သဏ္ဌာန ပညတ်၊ သန္တတိ ပညတ် များ ဖြစ်၍ အချည်းနှီး ထင်ရှားလေ၏။ ဤကား အနတ္တ-အနက်သွားပုံတည်း။

အနတ္တ လက္ခဏာ ဆိုသည်ကား ပြဆိုခဲ့ပြီးသော အနိစ္စ လက္ခဏာ သည်လည်း အနတ္တမျိုး ဖြစ်၍ တဘဝလုံး မြဲ၏ ဟူ၍ရင်း၊ ဘဝအဆက်မြဲ၏ဟူ၍ရင်း ယူကြရင်းဖြစ်၏။

ရုပ်တရား, နာမ်တရားတို့ ဆိုသည်ကား၊ ( ခဏိကဇရာ ခဏိက မရဏ ဟူသော အနိစ္စ လက္ခဏာသည် ရှိ၏။ ထိုဇရာ မရဏနှင့်တကွ၊ တနေ့ တရက် အတွင်းမှာပင် အကြိမ်, ရာ, ထောင်, မက၊ ရုပ်ဟောင်း နာမ်ဟောင်း အမျိုးမျိုး ကွယ်ပျောက်ခြင်း၊ အသစ် အသစ် အမျိုး မျိုး ဖြစ်ပေါ်ခြင်း၊ ပွါးများခြင်း ဟူသော အညထာဘာဝ အနိစ္စ လက္ခဏာ သည် ရှိ၏။ တဘဝလုံး မှာမှ တဦး တယောက် မဟုတ် တဦး တယောက်တည်း ဟူ၍ ယူကြသော ပုဂ္ဂိုလ် သတ္တဝါမှာ ထိုကဲ့သို့သော ဝိပရိဏာမမှု အညထာဘာဝမှု မရှိသင့်၊ ရှိခဲ့လျှင် တဘဝလုံးမှာ ပုဂ္ဂိုလ်သတ္တဝါသည်လည်း၊ တနေ့ တရက်အတွင်းမှာ အကြိမ်ပေါင်း ရာ, ထောင်, မက အိုရ၏။

သေ၍။ အကြိမ်ပေါင်း ရာ,ထောင်,မက အသစ် အသစ် ဖြစ်မြစ် ကြရသဖြင့် ရုပ်, နာမ်, တရား တို့သည်၊ ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တမဟုတ်ဟု သိမြင်နိုင်လေသည်။

ဤကား၊ အသာရကဌေနအတ္တ ဟူသော ပါဠိနှင့် အညီ အနိစ္စလက္ခဏာသည်ပင်လျှင် အနတ္တလက္ခဏာဖြစ်ပုံတည်း။

ဒုက္ခလက္ခဏာစသည် အဘယ်သို့လျှင် အနတ္တ လက္ခဏာ ဖြစ်နိုင်ပါသနည်း ဟူမူကား ဒုက္ခလက္ခဏာစသည် မကောင်း လှသော အကျိုးယုတ် အကျိုးမဲ့များ ဖြစ်ကြ၏။ ပုဂ္ဂိုလ် သတ္တဝါမည်သည် မိမိ၏ ကောင်းခြင်းကိုသာ အလိုရှိကြ၏။ ရုပ် နာမ် တရားသည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တ မှန်ခဲ့သော် ရုပ် နာမ် တရားနှင့် ပုဂ္ဂိုလ်သတ္တဝါသည် တခုတည်းပင်ဖြစ်၏။ တခုတည်းဖြစ်ခဲ့သော် အလိုရှိသည်လည်း တခုတည်းပင် ဖြစ် ရာ၏။ ပုဂ္ဂိုလ်၏ အလိုသည် ပင်လျှင် ပုဂ္ဂိုလ်၏ အလိုဖြစ်ရာ၏။ ထိုသို့ကား မဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါ၏ အလိုကား တခြား၊ ရုပ် နာမ် တရား တို့၏ အလိုကား တခြား၊ ပုဂ္ဂိုလ် သတ္တဝါ၏ အလိုဆိုသည်ကား လောဘတရား, ဆန္ဒတရားများပေတည်း။

ရုပ် နာမ် တို့၏ အလိုသည်ကား အကြောင်း လျော်စွာ ဖြစ်ခြင်းတည်း။ ပုဂ္ဂိုလ်သတ္တဝါ၏ အလားတူကား အခါ ခပ် သိမ်း,မိမိကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကိုသာ အမြဲလိုလား၏။ ရုပ် နာမ် တို့သည် မူကား၊ မိမိ–မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ အကြောင်းတရား၏ အလားလျှင် အလားရှိကြကုန်၏။ ရုပ်, နာမ် တို့၏ ဖြစ်ခြင်း ပျက်ခြင်း တို့သည် အကြောင်း တရား

နှင့်သာ စပ်ဆိုင်ကုန်၏။ အကြောင်းတရားကိုလွှတ်၍ ပစ္စုပ္ပန်၏ အလိုသက်သက်နှင့် စပ်ဆိုင်သည် မဟုတ်ကုန်။ အပူကို အလိုရှိလျှင် ပူစေတတ်သော အကြောင်းကို ရှာကြံ အားထုတ်ကြရကုန်၏။ အအေးကိုအလိုရှိလျှင် အေးစေတတ်သောအကြောင်းကို ရှာကြံ အားထုတ်ကြရကုန်၏။ အသက်ရှည်ခြင်းကို အားထုတ်ကြသည့် အတွက် အသက်မွေးမှု အစာအဟာရ မှီဝဲခြင်းကို အမြဲအားထုတ်ကြရကုန်၏။ အလိုဆန္ဒသက်သက်နှင့် အသက်ရှည်အောင် မတတ်နိုင်ကြ။ သုဂတိဘဝကို အလိုရှိကြသည့် အတွက် ကုသိုလ် ကောင်းမှု အားထုတ်ကြ ကုန်၏။ အလိုဆန္ဒ သက်သက် နှင့် သုဂတိကို ရအောင် မတတ် နိုင်ကြ။ သတ္တဝါတို့သည် မှုကား ရှေ့အဘို့၌ အကြောင်းကို ရှာကြံ အားထုတ်သည့်အတွက် နောက်အဘို့၌ ထိုအကြောင်းအား လျော်စွာ အလိုရှိရာ ရောက် ပေါက် ကြရ သည်ကိုပင် မိမိ ကိုယ်ကို မိမိ အကောင်းတရားကိုရှာကြံအားထုတ်သည့်အတွက် နောက်နောက် နေမှာ ဣရိယာပုတ် လေးပါးတို့၌ မတ်မတ် မားမား လိုက်စား ကြင်လည်၍ တည်စေ နိုင်သည် ကိုပင် မိမိကိုယ်ကို မိမိ အလိုရှိတိုင်း ဖြစ်စေနိုင်သည်ဟု အထင် အယူ မှားကြကုန်၏။ ရှေ့အဘို့၌ ထားကြသော အိမ်ရာ-တိုက်တာ အရိပ် အာဝါသ ရှိနေသည့် အတွက် နောက်အဘို့၌ အလိုရှိတိုင်း ကြည်လည် ချမ်းမြေ့ နေနိုင်ကြသည်ကိုပင် မိမိကိုယ်ကို မိမိအလိုရှိတိုင်း ပြည့်စုံ၍ နေကြရသကဲ့သို့ အထင်အယူမှားကြ ကုန်၏။

အကျဉ်းအားဖြင့် လောက၌ သတ္တဝါတို့၏ အရေးကိစ္စ အမှုကြီးငယ် တို့သည် အာဘယ်မျှလောက် ကြီးကျယ်ကြကုန်

သနည်းဟု စေ့စုံစွာ မြွက်ရှိကြသည် ရှိသော် သင်္ခါရ ဒုက္ခမှုတို့၏ အနန္တ ကြီးကျယ် များပြားပုံကို ဉာဏ်မျက်စိတွင် တွေ့မြင် နိုင်ကြ ကုန်၏။ ထိုသင်္ခါရဒုက္ခ အနန္တ ကြီးကျယ် များပြားရသည်မှာလည်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် သတ္တဝါ တို့၏ အလိုဣစ္ဆာဝိမိနှင့် ပြီးစီးခြင်း မရှိကြကုန်သည့် အတွက်ကြောင့် မိမိတို့၏ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို အထိုက်အလျောက် မိမိတို့ အလိုရှိရာသို့ ပါရာပေါက်ရောက် ပြီးနောက် နိုင်ကြ စေရန် အကြောင်း တရား တို့ကို ပြုစု ပျိုးထောင်မှုတို့ချည်း ပေတည်း။ ဤကား အလတ်ဖြစ်သော လက္ခဏာ သုံးပါးတို့တွင် သင်္ခါရ ဒုက္ခတာ ဟူသော ဒုက္ခလက္ခဏာကို တွေ့မြင် ကြကုန်သဖြင့်၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ၏ အလိုသို့ လိုက်စေခြင်းမရှိမှု အလွန် ထင်ရှား လေရကား ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ် ပုံကို ပြဆိုချက်တည်း။

ထိုမှ တပါးလည်း ဒုက္ခ ဒုက္ခတာ ဝိပရိနာမ ဒုက္ခတာ တို့၏ အတွက်နှင့် အတ္တမဟုတ်ချက်များ ထင်ရှားပုံ ဇာတိ ဒုက္ခ ဇရာဒုက္ခ မရဏာဒုက္ခ စသည်တို့၏ အတွက်နှင့် အတ္တ မဟုတ်ချက်များ ထင်ပုံတို့ ကိုလည်း အကုန် သိမြင်ကြကုန် ရာ၏။ ဤကား ဒုက္ခလက္ခဏာသည်ပင်လျှင် အနတ္တလက္ခဏာ ဖြစ်ပုံကို ပြဆိုချက်တည်း။

ထိုလက္ခဏာသုံးပါးတို့ကိုပိုင်နိုင်စွာထင်မြင်သော ဝိပဿနာ ဉာဏ် သုံးပါးတို့သည် တိရဏ ပရိညာ မည်၏။ ဝိပဿနာ ဉာဏ်သုံးပါး ဆိုသည်ကား အနိစ္စ ဝိပဿနာ ဉာဏ်တပါး၊

ဒုက္ခ ဝိပဿနာဉာဏ်တပါး၊ အနတ္တ ဝိပဿနာဉာဏ်တပါး၊ တို့သုံးပါး တို့တွင် ရှေးဦးစွာ အတ္တဒိဋ္ဌိကို ပယ်သတ်ခြင်းငှါ အနတ္တဝိပဿနာဉာဏ် သည်သာ ပိုင်နိုင်ရန် အရေးအကြီးဆုံး ဖြစ်၏။ အနတ္တ ဝိပဿနာဉာဏ် ပိုင်နိုင်မှု မှာလည်း အနိစ္စ ဝိပဿနာဉာဏ်သည် လိုရင်း ဖြစ်၏။ အနိစ္စ ဝိပဿနာဉာဏ် ပိုင်နိုင်ပါလျှင် အနတ္တ ဝိပဿနာဉာဏ် ပိုင် နိုင် လွယ်တော့ သည်သာတည်း။ ဒုက္ခဝိပဿနာဉာဏ်မှာ မူကား၊ ဤ အနိစ္စ ဝိပဿနာ ပိုင်နိုင်ရုံမျှနှင့်မပြီးနိုင်သေး။ လောကုတ္တရာမဂ်သည် လေးဆင့်တိုင်တိုင်ရှိနေသည်မှာ ဒုက္ခဝိပဿနာဉာဏ် အပြီးတိုင် မပိုင်နိုင် သေးသဖြင့်၊ တဏှာ၊မာန မကုန်ဆုံးနိုင် ရှိနေသည့် အတွက်ပေတည်း။ ထို့ကြောင့် ယခု အခါ ကာလ၌ ဗုဒ္ဓဘာသာဖြစ်သူတို့မှာ အပါယဒုက္ခမှအပြီးတိုင် ကျွတ်လွတ်ရန် အရေးသည် အကြီးဆုံးဖြစ်၏။

ဗုဒ္ဓဘာသာ သာသနာတော် အပသို့ ရောက်၍ သွားကြပါလျှင်၊ အပါယဒုက္ခမှကျွတ်လွတ်ရန် နည်းလမ်းပင်မရှိလေပြီ၊ အပါယဒုက္ခမှ ကျွတ်လွတ်ရန်လည်း ဒုစရိုက်တရား၊ မိစ္ဆာဒိဋ္ဌိတရားတို့ကို အကုန်အစဉ် ပယ်သတ်ခြင်း ပေတည်း။ ဒုစရိုက်တရား၊ မိစ္ဆာဒိဋ္ဌိ တရားတို့ကို အကုန်အစဉ် ပယ်သတ်ရန် ကိစ္စမှာလည်း အတ္တဒိဋ္ဌိကို အကုန်အစဉ် ပယ်သတ်ခြင်း ပေတည်း။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံကြသည့်ဘဝတွင် အနတ္တ ဝိပဿနာဉာဏ်ကို ပိုင်နိုင်တဲ့ခြင်းငှါ၊ အနိစ္စ ဝိပဿနာတရားကိုသာ အရေးကြီးစွာ အားထုတ်ကြရာကုန်သတည်း။ အနိစ္စဝိပဿနာဉာဏ် ပိုင်နိုင်လျှင် အနတ္တဝိပဿနာ ပိုင်နိုင်ခြင်း ကိစ္စပြီးသည်ဟူရာ၌ သာဓက ပါဠိတော်ကား=

အနိစ္စ သညိနော မေဃိယ၊ အနတ္တသညာ သဏ္ဌာတိ
အနတ္တ သညိနော အသ္မိမာနော သမုဂ္ဃာတံ ပါပုဏာတိ၊
ဒိဋ္ဌေဝဓမ္မေနိဗ္ဗာနံ။

မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ အနိစ္စသညာ
ပိုင်နိုင်သော သူအား။ အနတ္တသညာ၊ ပိုင်နိုင်သော သူအား။
အသ္မိမာနော၊ ခန္ဓာ ငါးပါး ရုပ် နာမ် တရားတို့ကို၊ ငါ့ ငါ
ဟူ၍ အထင်ကြီးခြင်းသည်။ သမုဂ္ဃာတံ၊ ပျက်စီးခြင်းသို့။ ပါပု
ဏာတိ၊ရောက်၏။ ဒိဋ္ဌေဝဓမ္မေ၊ယခုမျက်မှောက်ဘဝ၌ပင်လျှင်။
နိဗ္ဗာ။ဒုက္ခခပ်သိမ်း အကုန်ငြိမ်းခြင်းသို့။ ပါပုဏာတိ၊ရောက်၏။

အတ္တယုတ္တိမှာမှုကား။ ။အနိစ္စံ လက္ခဏာ သည် ပင်လျှင်
အနတ္တ လက္ခဏာ ဖြစ်နိုင်ကြောင်းကို အကျယ် ပြဆိုခဲ့ပြီး။
၎ ဝိပဿနာ အလုပ်သည် သမထ အပိုကဲ့သို့၊ ပလိဗောဓ
ဆိပ်ငြိမ်ရာကြီးကိုရမှ ပြီးစီးနိုင်သည် မဟုတ်။ ပါရမီဉာဏ်
သည်သာ, ပဓာနတည်း။ ပါရမီဉာဏ်ရှိခဲ့ပါမူ တရားနာရင်း
နှင့်ပင် ပေါက်ရောက်၍ သွားတတ်၏။ ဿရာဝါသ ကိစ္စ
အတွင်းမှာပင် ပေါက်ရောက် နိုင်၏။ အကြောင်း မူကား၊
ဉာဏ်ရှိ သူတို့မှာ ကိုယ်တွင်း ကိုယ်ပြင်၊ အိမ်တွင်း အိမ်ပြင်၊
ရွာတွင်း ရွာပြင် တွေ့မြင်သမျှသည် အနိစ္စဉာဏ် ပွါးစီးဘို့
ချည့်သာတည်း။

ပါရမီဉာဏ် နုကြသူများမှာမူကား ။ ။သမထ အလုပ်
ကဲ့သို့ပင်၊ အထူး အားထုတ်မှ ပေါက် ရောက် နိုင်ကြ၏။
အားထုတ်ရာမှာလည်း ဝိပရိဏာမ အညဏ္ဌာဘာဝ ဟူသော
အနိစ္စ လက္ခဏာတွင်း မျက်တောင် တခပ် လျှပ်တပျက်

အားထုတ်ရာမှာလည်း ဝိပရိဏာမ အညထာဘာဝ ဟူသော အနိစ္စလက္ခဏာတွင် မျက်တောင်တခပ် လျှပ်တပျက် အတွင်း မှာပင် အကြိမ်များစွာ ဖြစ်နိုင်သော၊ ခဏိက အနိစ္စ အချက် များသည် အဘိဓမ္မာစကား ပြောကြသည်၌သာလို၏။

ဝိပဿနာ အရာ၌မူကား။ ။ကိုယ်တွေ့ မျက်မြင်မျိုးတွင် ထင်ရှားလျက် ရှိကြသော၊ သန္တတိ ဝိပရိဏာမ၊ သန္တတိ အညထာဘာဝသည်သာ လိုရင်းဖြစ်၏။ သန္တတိ ဝိပရိဏာမ ဆိုသည်ကား၊ လောက၌ ကိုယ်တွေ့မျက်မြင်တွင် အသီးသီး စကား ဝေါဟာရ နှင့် တကွ ထင်ရှားလျက် ရှိကြသော ပရမတ္ထ ဇရာအချက်၊ ပရမတ္ထ မရဏအချက်များပေတည်း။ အညထာ ဘာဝ မှာလည်း ထို့ အတူတည်း။ ဝိပဿနာထင် ရှုရန် တရားမှာလည်း၊ ရုပ်တရားစုတွင် ဓါတ်ကြီး လေးပါး သည်သာ လိုရင်းဖြစ်၏။ ဓါတ်ကြီးလေးပါး၏ တနေ့တရက် အတွင်းမှာပင် အခါ တရာ မက ဖြစ်ပျက် ပြောင်းလဲ မှုကို ထင်မြင်နိုင်ပါလျှင်၊ ထို၌ မှီကြရသော ဥပါဒါန် ရုပ်တို့၏၊ ဖြစ်ပျက် ပြောင်းလဲ ပါဝင်လေတော့သည်။ နာမ်,တရားစု မှာလည်း ဝိညာဏ် ခြောက်ပါး ဟူသော စိတ်,သည်သာ လိုရင်း ဖြစ်၏။ စိတ်၏ ဖြစ်ပျက် ပြောင်းလဲမှုသည် ပါဝင် လေတော့သည်။

ဝေဒနာ အထူးအပြား, စေတနာ အထူးအပြား, စသည့် အနိစ္စ လက္ခဏာ ထင်လွယ် တဲ့ရန် ဖြစ်ပေ၏။ ရုပ်,တရားစု မှာလည်း၊ ဝဏ္ဏအထူးအပြား, ဂန္ဓ၏အထူးအပြား စသည်များ ထို့ အတူတည်း။

လိုရင်းမှာမူကား၊ သတ္တပုဂ္ဂလ အတ္တဇီဝ၊ အနိစ္စ၊ သုခ ဝိပလ္လာသ ဓမ္မ တို့၏ ပျောက် ကင်းခြင်း သည်သာလျှင် လိုရင်းတည်း။ ဤ ဝိပဿနာ ဉာဏ်တို့၏ ရှုမြင်ပွင့်လင်းရန် အချက်မှာမူကား လက္ခဏာသုံးပါးပေတည်း။ ထိုလက္ခဏာ သုံးပါးကိုလည်း၊ လက္ခဏာ အခဏ်းမှာ သိသာ ထင်ရှားရုံမျှ ပြဆိုခဲ့ပြီ။

**တိရဏာ ပရိညာ အကျယ် ပြီး၏။**

## ကျေးငူးရှင် လယ်ထီဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

ဗုဒ္ဓဘာသာ သာ့သနာတော်မြတ်၌ လိုရင်းပဓာနဖြစ်သော မဟာနတရားသည် ငါးပါးရှိ၏။

တဒင်္ဂပဟာနတပါး၊
ဝိက္ခမ္ဘနပဟာနတပါး၊
သမုစ္ဆေဒပဟာနတပါး၊
ပဋိပဿဒ္ဓိပဟာနတပါး၊
နိဿရဏပဟာနတပါး၊
} ပဟာနတရားငါးပါး။

ထို ငါးပါးကို ထင်ရှားစေခြင်းငှါ၊ ကိလေသာ တို့၏ အခိုက်အတန့်ဟူသော၊ ဘုမ္မိအပြား သုံးပါးတို့ကို ပြဆိုရာ၏။ ဘုမ္မိအပြား သုံးပါးဆိုသည်ကား–

အနုသယဘုမ္မိတပါး၊
ပရိယုဋ္ဌာနဘုမ္မိတပါး၊
ဝီတိက္ကမဘုမ္မိတပါး၊
} ဘုမ္မိအပြား သုံးပါး။

ထိုသုံးပါးတို့တွင် အနုသယဘုမ္မိ ဆိုသည်ကား။ ဥပါဒ် ဋ္ဌိ, ဘင်, အားဖြင့်၊ အသီး အခြား စေတသိက်တပါး အနေနှင့် ဖြစ်ပေါ်ခြင်း မရှိကြကုန်မူ၍၊ စိတ်သန္တာန်၌သာ အစဉ်စွဲကပ် ငုတ်ဓာတ်, ဝင်ဓာတ်, အိပ်ဓာတ်, ကိန်းဓာတ် ဖြစ်၍ နေကြကုန်သော ကိလေသာ တို့၏ ကိန်းဝပ်မှု အခိုက် အခွင့် ကြီးသည် အနုသယ ဘုမ္မိ မည်၏။ ခြောက် ဒွါရတွင် တခုခုသော ဒွါရ၌ ကိလေသာ ဓမ္မ ထကြွ ဖြစ်ပေါ်ရန် အာရုံ တိုက်ဆိုက် လာသဖြင့်၊ မနော ဒွါရ တွင်မျှ ထကြွ၍ လာကြသော ကိလေသာတို့၏ ကိန်းဝပ်ရာမှ ထကြွဖြစ်ပေါ် လာခြင်း အခိုက် အခွင့် ကြီးသည် ပရိယုဋ္ဌာန ဘုမ္မိ မည်၏။ မနော ဒွါရ တွင်မျှ မတန့် မရပ် ကြကုန် မူ၍၊ ကိုယ် အင်္ဂါ, နှုတ် အင်္ဂါ လှုပ်ရှား မှုတိုင်း ရောက် အောင် ကျူးလွန်၍၊ လာကြကုန်သော ကိလေသာ တို့၏ ကျူးလွန်ခြင်း အခိုက် အခွင့်ကြီးသည် ဝိတိက္ကမဘုမ္မိမည်၏။ လောဘ ကိလေသာ သည် အနမတဂ္ဂ သံသရာတွင် သတ္တဝါ တယောက်၏ စိတ်သန္တာန်၌၊ လောဘ ကိလေသာ တခုမှာပင် ဘုံသုံးဆင့် ရှိ၏။

ထို့အတူ ဒေါသ ကိလေသာ မှာလည်း ဘုံ သုံးဆင့်၊ မောဟကိလေသာ, ဒိဋ္ဌိကိလေသာ, မာနကိလေသာ စသည် တို့မှာ အသီးသီး ဘုံ သုံးဆင့်စီ ရှိကြ၏။ ဗုဒ္ဓဘာသာ၌ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာ သုံးပါး တို့တွင် သီလဟူသော ပဌမသိက္ခာသည် ကိလေသာတို့၏ ဝိတိက္ကမ ဘုမ္မိ ဟူသော တတိယ, ဘုံမျှကိုသာ ပယ်နိုင်၏။ တတိယ ဘုံကိုမျှသာ ပယ်နိုင်သည့် အတွက်၊ ဒုတိယဘုံ, ပဌမဘုံ

ရှိနေကြသေးသောကြောင့် သီလဖြင့် ပယ်အပ်သော ကိလေသာတို့မည်သည် မကြာခဏ ဖြစ်ပေါ်ထကြွသဖြင့်၊ ဝိတိက္ကမဘုံတိုင်အောင် ပြည့်မြဲ ပြည့်နိုင်ကြပြန်၏။

ထို့ကြောင့် သီလဖြင့် ပယ်ခြင်းကို တဒင်္ဂ ပဟာန် ခေါ်သတည်း။ ထိုထိုသီလအင်္ဂါဖြင့် ထိုထိုကိလေသာ အစိပ်မျှကို ပယ်ခြင်း ဆိုလိုသည်။ ပဌမဈာန်, ဒုတိယဈာန်, အစရှိသော ဈာန်သမာဓိ ဟူသော သမာဓိ သိက္ခာသည် သီလပယ်ချက်မှ ကျန်ရှိသော ဘုမ္မိ နှစ်ပါးတို့တွင် ပရိယုဋ္ဌာန ဘုမ္မိ ဟူသော ဒုတိယ ဘုံမျိုးကို ပယ်နိုင်၏။ အနုသယ ဘုမ္မိ ကျန်ရှိသည့် အတွက် ဈာန်သမာပတ် တို့ဖြင့် ပယ်အပ်သော ကိလေသာ များသည်လည်း ဈာန်၏ ဆန့်ကျင်ဘက် တရားနှင့် တွေ့ကြုံလာခဲ့လျှင်၊ ဈာန်ကိုပယ် ဖျက်သိမ်း၍ ဝိတိက္ကမဘုံ တိုင်အောင် ပြည့်မြဲ ပြည့်နိုင်၏။ ဝိက္ခမ္ဘန ပဟာန် ခေါ်၏။ ဈာန်သမာဓိ မည်သည် အပ္ပနာ ဘာဝနာ ကုသိုလ်မျိုး ဖြစ်ပေ၍ သီလ ကုသိုလ်ထက် အာနုဘော် ကြီးမားလျက် ရှိသောကြောင့်၊ ကိလေသာ တို့ကို ရုပ်တရက် ထကြွ သောင်းကျန်းခြင်းငှါ မတတ်သာအောင် ဝေးစွာခွါပစ်ခြင်းဆိုလိုသည်။

ဝိပဿနာပညာ, လောကုတ္တရာမဂ်ပညာ ဟူသော တတိယ သိက္ခာသည် မူကား၊ သီလ, သမာဓိကို မပယ်နိုင် ကြသော အနုသယ ဘုမ္မိ ဟူသော ပဌမ ဘုံကို ပယ်နိုင်၏။ ဤ ပဌမဘုံကို ပယ်ခြင်းသည်ကား အကြွင်းအကျန်မရှိသော ပယ်ခြင်း မည်၏။ ထို ပညာဖြင့် ပဌမ ဘုံပါ ကျွတ်လွတ် အောင် ပယ်အပ်သော ကိလေသာ တို့သည် ထို ပုဂ္ဂိုလ်

သန္တာန်မှာ ဘယ်အခါမှ တဖန် ဖြစ်ပေါ်လာခြင်း မရှိလေပြီ။ ဤပယ်ခြင်းကို "သမုစ္ဆေဒပဟာန်" ခေါ်၏။ အမြစ်အရင်းနှင့်တကွ အကြွင်းအကျန် မရှိအောင် ပါယ်ဖြတ်ခြင်း ဆိုလိုသည်။ လောကုတ္တရာမဂ် ပညာကို ပါယ်ပြီးလျှင်၊ လောကုတ္တရာဖိုလ် ပညာတို့က အရှိန် အငွေ့မျှ မကျန်ရအောင် ထပ်မံ၍ တဖန် ငြိမ်းစေ ခြင်းသည်၊ ပဋိပဿဒ္ဓိ ပဟာန် မည်၏။ နိဗ္ဗာန် ဖြင့် ပါယ်ခြင်းသည် နိဿရဏ ပဟာန် မည်၏။ ထိုသန္တာန် နှင့်မျှ မစပ် မနီးအောင် အပြီး ကျွတ်လွတ်၍ သွားစေခြင်း ဆိုလိုသည်။ ထိုပညာသည် ဝိပဿနာပညာ, မဂ်ပညာ၊ ဖိုလ်,ပညာ ဟူ၍ သုံးပါးရှိသည်တွင် ပြဆိုပြီးခဲ့သော တိရဏ ပရိညာ ပညာသည် အနုသယဘုမ္မိကို ပါယ်ငြားသော်လည်း အကုန်အစဉ် မပယ်နိုင်သေး၊ မဂ်ပညာတို့သည်သာလျှင် မိမိတို့ဆိုင်ရာ ကိလေသာတို့ကို အကြွင်းမရှိ အကုန်အစင် ပယ်နိုင်ကြကုန်၏။ သောတာပတ္တိ မဂ် ပညာသည် ဒိဋ္ဌိဟူသမျှ ဝိစိကိစ္ဆာဟူသမျှတို့ကို အမြစ်အရင်းအကြွင်းအကျန် မရှိ ပါယ်ပေ၏။ အပါယဂါမိ ဒုစရိုက်တရားတို့နှင့် အပါယ်ဘဝ တို့ကိုလည်း ထို သန္တာန်မှာ နောင်တဖန် ဖြစ်ပေါ်ရန် အကြွင်းအကျန် မရှိ ပယ်ပေ၏။ သကဒါဂါမိ မဂ် ပညာသည် ရုံ့ရင်းသော ကာမရာဂ, ဗျာပါဒ တို့ကို၊ အကြွင်း မရှိ ပါယ်ပေ၏။ အနာဂါမိ မဂ် ပညာသည် ထို သန္တာန်တွင် ကျန်ရှိသေးသော သိမ်မွေ့သေးဖွဲသော ကာမရာဂဗျာပါဒတို့ကို အကြွင်း မရှိ ပယ်ပေ၏။ ထို ပုဂ္ဂိုလ်သည် ကာမ အနွယ် ပြတ်လေ၏။ ဗြဟ္မာ့ဘုံ လျှင် လားရာဂတိ ရှိလေ၏။ အရဟတ္တ မဂ်ပညာသည် ထိုသန္တာန်တွင် ကျန်ရှိသမျှသော ကိလေသာ

တို့ကို အကုန်အစင် ပယ်ပေ၏။ ထိုပုဂ္ဂိုလ်သည် ကိလေသာ ကုန်ငြိမ်းသော ရဟန္တာ ဖြစ်လေ၏။ ဘုံသုံးပါးမှ ကျွတ်လွတ် လေ၏။ ဗုဒ္ဓဘာသာ သာသနာမှာ သမုဒ္ဒေ ထောန် သည်သာ လိုရင်း, ပဓာနဖြစ်၏။

## ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

### အတ္တ အနတ္တ စစ်တမ်း စစ်ချက်

ကေသာ, ဆံပင်၊ လောမာ, မွေးညှင်း၊ နခါ, ခြေသည်း၊ လက်သည်း၊ ဒန္တာ, သွား၊ တစော, အရေ၊ မံသံ, အသား၊ နှာရု၊ အကြော၊ အထိ၊ အရိုး၊ အထိမိဇ္ဇံ, ရိုးတွင်းချဉ်ဆီ၊ ဝက္ကံ, အညို၊ အဒရယ, နှလုံးသား၊ ယကနံ, အသည်း၊ ကိလောမကံ, အမြှေး၊ ပပ္ဖါသံ, အဆုတ်၊ အန္တံ, အူမ၊ အန္တဂုဏံ, အူသိမ်၊ ဥဒရိယံ, အစာသစ်၊ ကရီသံ, အစာဟောင်း၊ မတ္ထလုင်္ဂ, ဦးနှောက်၊ ဤနှစ်ဆယ်သော ကိုယ်အစုတို့ကို ပထဝီဓာတ်မျိုးဟူ၍ ဘုန်အဘိဓမ္မာတို့၌ ငါတို့မြတ်စွာဘုရား ဟောကြားတော်မူပေ၏။ အနတ္တ လက္ခဏာကို ဃနသည် ဖုံးလွှမ်း အပ်သောကြောင့်၊ မသင် မမြင်နိုင် ရှိကြကုန်၏။ ဃန,ကို ဖျက်သည်ရှိသော် အနတ္တလက္ခဏာသည် ထင်ပေါ် လာ၏ဟု အဋ္ဌကထာတို့၌ မိန့်ဆိုကြပေ၏။

ဃန ဆိုသည်ကား။ ။ ရုပ်, နာမ်, တို့၏ တစုတည်း၊ တပေါင်းတည်း၊ တလုံးတည်း၊ တခဲနက်တည်း ဖြစ်၍

တည်နေကြသည်ကိုဆို၏။ ဤဃနကိုပင် ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ အတ္တ ဟု စွဲလမ်းကြ၏။ ဤ ဃန ကြေပျက်သည် ရှိသော်၊ ထို အတ္တသည် ပျက်လေ၏။ အတ္တ ပေါ်လာ၏။ ဃနကို ဖျက်ခြင်း ဆိုသည်ကား ထို တခဲနက် တည်နေကြသည်ကို ချေဖျက်ခြင်းပင်တည်း။

ချေဖျက်ပုံကား အောက်၌ဆိုလတ္တံ့။

## ပညတ်ပေါ် ပရမတ်ငုတ်၊ ပရမတ်ပေါ် ပညတ်ငုတ် ပျောက်ကွယ်ပုံ

ပညတ် ပေါ်သည်ရှိသော် ပရမတ်ငုတ်၏။ ပရမတ်ပေါ်သည်ရှိသော် ပညတ် ကွယ်ပျောက်၏။ ဤ စကားနှစ်ခွန်းကို ဆောင်ပုဒ်ပြု၍ထား။ ပညတ်ပေါ်သည်ရှိသော် ပရမတ်ငုတ်၏ ဟူသော စကား၌ အဘယ်သို့ ပညတ်ပေါ်လျှင် ပရမတ်ငုတ်လေသနည်း ဟူမူကား ပထဝီဓာတ်မျိုးဟူ၍ ဟောတော်မူ အပ် သော ဆံ ပင် တို့ ၌ ဤ ဓာတ် ၏ တ ခဲ နက် တည်း တည်ရှိ၍ နေခြင်းကြောင့်၊ လုံးလုံး, လျားလျား, များများ ရှည်ရှည် ဟူသော သဏ္ဌာန ပညတ်သည် ထင် ရှား စွာ ပေါ်ရှိ၍ နေ၏။ မြေမှု ဟူသော ပရမတ် တရား၊ ပထဝီ ဟူသော ပရမတ် အမည်များသည် ငုတ်မြုတ်၍ နေလေ၏။ မပေါ်မထင် ရှိနေ၏။ ဆံပင် အတိုင်းကို မြင်သည် ရှိသော် လုံးလုံး, ရှည်ရှည်ကိုသာ မြင်ကြ၏။ ဆံပင်ဟူ၍ ခေါ်တတ်ကြ သိတတ်ကြ၏။ အလွန်နူးညံ့သော မြေမှု့တို့ကို မမြင်နိုင်ကြ၊ မြေဟူ၍ မသိတတ်ကြ၊ မခေါ်တတ်ကြ၊ ဤကား ဆံပင်၌ ပညတ်ပေါ်ပေ၍ ပရမတ်ငုတ်ပုံတည်း။

အဘယ်သို့ ပရမတ် ပေါ်လျှင် ပညတ် ကွယ်ပျောက်သနည်းဟူမူကား ဆံပင်၌ ဃနဟူသော တခဲနက်ကို ချေဖျက်သည် ရှိသော် အလွန် သေးနုတ်သော် မြေဓာတ် ပရမတ်တို့ သည် ထင် ရှား စွာ ပေါ်လာ၏။ မြေဓာတ် ပရမတ်ထင်ရှားစွာ ပေါ်လာသည် ရှိသော် လုံး လုံး, ရှည် ရှည်ဟူသော သဏ္ဌာနပညတ်သည် ကွယ်ပျောက်လေ၏။ ဆံပင်ဟူသော နာမပညတ်လည်း ကွယ်ပျောက်လေ၏။ ထို သေးနုတ်သော မြေဓာတ်မှုန့်တို့ကို မြင်ကြသော် ဆံပင် ဟူသောနာမ ပညတ် လည်း ကွယ် ပျောက် လေ၏။ ထို သေးနုတ်သော မြေဓာတ်မှုန့်တို့ကို မြင်ကြသော် ဆံပင် ဟူ၍ မသိကြမခေါ်ကြပြီ။ အမှုန့်ဟူသော မြေ၏ အမည်ဖြင့်သာ သိကြခေါ်ကြကုန်၏။ ဤစကား၌ ဃန ဟူသော တခဲနက် ဖျက်ပုံကား ဆံပင် တို့ကို ကျောက်ပြင်ပေါ်၌ အလွန် ညက်စွာညက်ဖြင့် ကြိတ်၍ကြည့်လေသည်ရှိသော်၊ရှည်ရှည်လျားလျားဟူသော သဏ္ဌာန်ပညတ်သည် ကွယ်ပျောက်၏။ ဃနဟူသောတခဲနက်သည် ပျက်ပြား၍ အလွန် သေးနုတ်လှသော မြေမှုန့်တို့သည် ထောင်းထောင်း ပေါ်ကြကုန်လတံ့၊ ဆံပင်ဟူသောနာမ ပညတ်သည်လည်း ကွယ်ပျောက်လေ၏။ ပထဝီ မြေမှုန့်ဟု ဟောတော်မူသော မြေမှုန့် ဟူ၍ အမည်သို့ ပြောင်းလေ၏။ ဤကား ဆံပင်၌ ပရမတ်ပေါင်း၍ ပညတ် ပျောက်ပုံတည်း။

ဤပရမတ်ပေါ်၌ ပညတ် ကွယ်ပျောက်သည်ကို ပင်လျှင်အနတ္တပေါ်၍ အတ္တ ကွယ်ပျောက်သည် ဟူ၍ ဆိုလေ၏။ ဤကား ဆံပင် တို့၌ အတ္တ အနတ္တ စစ်ချက် ပေတည်း။

မွေးညှင်းတို့၌ရှင်း၊ ခြေသည်း လက်သည်းတို့၌ရှင်း၊ သွားတို့၌ရှင်း၊ အရေတို့၌ရှင်း၊ အတ္တ၊ အနတ္တ သံပင်အတိုင်းစစ်လေ၏။

အသားတို့၌၊ အတ္တ၊ အနတ္တ စစ်ပုံကား ပထဝီဓာတ်မျိုး ဟူ၍ ဟောတော်မူအပ်သော အသားတုံး အသားလွှာ တို့၌ ဤဓာတ်တို့၏ တခဲနက်တည်း တည်ရှိ၍ နေခြင်း တို့ကြောင့် လုံးလုံး လျားလျား ရှည်ရှည် မျှားမျှား အသားတုံး၊ အသားလွှာ သဏ္ဍာန် ပညတ်သည် ထင်ရှားစွာ ပေါ်ရှိ၍ နေ၏။ မြေမှုန့် ဟူသော ပရမတ် တရား၊ ပထဝီ ဟူသော ပရမတ်အမည်များသည် ငုတ်မြုပ်၍ နေလေ၏။ မပေါ် မထင်နိုင် ရှိနေ၏။ အသားတုံး အသားလွှာတိုင်း မြင်ကြသည် ရှိသော် လုံးလုံး ပြားပြား ကိုသာ မြင်ကြ၏။ အသားတုံး အသားလွှာဟူ၍ သိတတ်ကြ ခေါ်တတ်ကြ၏။ အလွန် နုတ်ဖွဲ့သော မြေမှုန့်တို့ကို မမြင်ကြ၊ မြေဟူ၍ မသိတတ်ကြ၊ မခေါ်တတ်ကြ၊ ဤကား အသားတုံးအသားလွှာ တို့၌ ပညတ်ပေါ်၍ ပရမတ်ငုတ်ပုံတည်း။

အဘယ်သို့ ပရမတ် ပေါ်လျှင် ပညတ် ကွယ်ပျောက် သနည်း ဟူမူကား။ အသားတုံး အသားလွှာ တို့၌၊ ဃန ဟူသော တခဲနက်ကို ချေဖျက်သည် ရှိသော် အလွန် သေးနုတ်သော မြေဓာတ် ပရမတ် တို့သည် ထင်ရှားစွာ ပေါ်ကုန်၏။ မြေဓာတ် ပရမတ် ထင်ရှားစွာ ပေါ်လာသည် ရှိသော် လုံးလုံး ပြားပြား ဟူသော သဏ္ဍာန် ပညတ်သည် ကွယ်ပျောက် လေ၏။ အသားတုံး အသားလွှာ ဟူသော နာမပညတ် သည်လည်း ကွယ်ပျောက်လေ၏။ ထိုသေးနုတ်

သော မြေဓာတ်ကို မြင်ကြသော် အသားတုံး အသားလွှာ ဟူ၍ မသိကြ၊ မခေါ်ကြပြီ၊ အမှုန့် ဟူသော မြေ၏ အမည် ဖြင့်သာ သိကြ ခေါ်ကြ ကုန်၏။ ဤစကား၌ ဃန ဟူသော တခဲနက်ကို ဖျက်ပုံကား အသားတုံး အသားလွှာ တို့ကို အစို အတိုင်း ကြိတ်သည် ရှိသော် ရွှံ့မြေ ဖြစ်လေ၏။ အခြောက် လှမ်း၍ ကြိတ်သည် ရှိသော် အမှုန့် ဖြစ်လေ၏။ ထိုတွင် အခြောက် လှမ်း၍ ကြိတ်ရာ အလွန် သေးနုတ်လှစွာ သော မြေမှုန့် တို့သည် ထောင်းထောင်း ထောင်းထောင်း ပေါ်ကြကုန်လတံ့။ ပေါ်တိုင်း-ပေါ်တိုင်း လုံးလုံး ပြားပြား ဟူသော သဏ္ဌာန် ပညတ် ကွယ်ပျောက်လတံ့။ အသားတုံး အသားလွှာ ဟူသော နာမပညတ် သည်လည်း ကွယ်ပျောက် လေ၍၊ ပထဝီဟု ဟောတော်မူသော မြေမှုန့် ဟူ၍ ပရမတ် အမည်သို့ ပြောင်းလေ၏။ ဤကား အသားတုံး အသားလွှာ ဟူသော နာမပညတ် သည်လည်း ကွယ်ပျောက်ပုံ ပေတည်း။ ဤ ပရမတ် ကွယ်၍ ပညတ် ပေါ်သည်ကို ပင်လျှင် အနတ္တ ပေါ်၍၊အတ္တကွယ်ပျောက်သည်ဟုဆို၏။ ဤကား အသားတုံး အသားလွှာတို့၏ အတ္တ အနတ္တ စစ်ချက်ပေတည်း။ အရိုး အစ ရှိသော ကြွင်းကျန်သော ကိုယ်အစုတို့၌လည်း အသီးသီး အတ္တ အနတ္တ စစ်ချက်တို့ကို ဤနည်းအတိုင်း သိကြလေ။ ထိုအတွင်း ပရမတ် ငုတ်မြုတ်၍ ပညတ်ပေါ်သော နယ်ကြီးသည် အဝိဇ္ဇာ နယ်ကြီး, အတ္တဒိဋ္ဌိ နယ်ကြီး, ကိလေသာ နယ်ကြီး, ဒုစရိုက် နယ်ကြီး, အပါယ် ဒုဂ္ဂတိ နယ်ကြီးတို့ ပေတည်း။ ပညတ် ပျောက်၍ ပရမတ်ပေါ်သော နယ်ကြီးသည် ဝိဇ္ဇာနယ်ကြီး, အတ္တ သမ္မာဒိဋ္ဌိ နယ်ကြီး, ကိလေသာ ပျောက်ကင်းသော

နယ်ကြီး၊ ဒုစရိုက် လွတ်ငြိမ်းသော နယ်ကြီး၊ **အပါယ်** ဒုက္ခတိ ချုပ်ငြိမ်းသောနယ်ကြီးပေတည်း။

## ကျေးရွာရှင် မန်လည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော သစ္စာ နှင့် ဝမ္မဂုဏ် တရားတော်

(၁) ဒုက္ခသစ္စာ = မအောင့်နိုင်တဲ့ဟာအမှန်။

(၂) သမုဒယသစ္စာ = အညီအမျှ မချွတ်မယွင်း၊ ဒုက္ခကိုဖြစ်စေတက်သော ချစ်ခင်တွယ်တာခြင်းအမှန်။

(၃) နိရောဓသစ္စာ = ဒုက္ခ ချုပ်ငြိမ်းခြင်းအမှန်။

(၄) မဂ္ဂသစ္စာ = နိဗ္ဗာန်ကို ရောက်စေတတ်တဲ့ဟာအမှန်။ (သစ္စာ ၄-ပါး။)

(၅) မဟာကာရုဏိကော = ခပ်သိမ်းသော ဝေနေယျသတ္တဝါ အပေါင်း တို့ကို ကြီးစွာသော သနားခြင်းရှိတော်မူတတ်သော မြတ်စွာဘုရား၏ ဂုဏ်တော်တည်း။

(၆) သဒ္ဓါရ-သခ်တ = ပြုပြင် ရတဲ့ဟာ၊ မပြုပြင် မတတ်နိုင်တဲ့ ဟာ၊ မပြုပြင် မအောင်နိုင်တဲ့ဟာ၊ မပြုပြင် မတင့်တယ်တဲ့ဟာ၊ မပြုပြင် မလှတဲ့ ဟာ၊ မပြုပြင် စက်ဆုတ် စရာ ဟာ၊ မပြုပြင် ရွံစရာဟာ၊ မပြုပြင် အော့အံချင် စရာဟာ၊ မပြုပြင် အံချင် စရာဟာ။

(၇) အနတ္တ = ကိုယ်ကောင် မဟုတ်၊ ဒုက္ခ သစ္စာ မအောင်နိုင်တဲ့ဟာအမှန်။

အနတ္တ = အတ္တ· လူမဟုတ် နတ်မဟုတ် သိကြား မဟုတ်, ဗြဟ္မာမဟုတ်, မိန်းမ မဟုတ်, ယောကျ်ား မဟုတ်, ငါ မဟုတ်, သူ မဟုတ်, ခွေး မဟုတ်, ဝက် မဟုတ်, ဒုက္ခသစ္စာ မအောင့်နိုင်တဲ့ဟာအမှန်။

(၈) ဒုက္ခသစ္စာ= မအောင့်နိုင်တဲ့ဟာ အမှန်ဟူသော တရားတော်သည် ဟောကောင်း,ဟောမှန်, ဟောကေန်,ဟောစင်စစ် ဖြစ်တော်မူသော သွာက္ခတ ဂုဏ်နှင့်လည်း ပြည့်စုံတော် မူ၏။ မျက်မှောက် ချက်ခြင်း လက်ငင်း၌ပင် အကျိုးပေးတတ်သော သံဒိဋ္ဌိက အချိန်အခါကို မငံ့မလစ်ရဘဲ, အခါမတောင်းရဘဲ အချိန် အခါတိုင်း အကျိုးပေးတတ်သော အကာလိက ဂုဏ်တော်နှစ်လည်း ပြည့်စုံတော်မူ၏။

မယုံလျှင် လာ၍ ကြည့်လှည့် ရှုလှည့် ဟူ၍ ဆိုခြင်းငှါ ထိုက်သော၊ ဧဟိပဿိက ဂုဏ်တော်နှင့်လည်း ပြည့်စုံတော် မူ၏။ မိမိကိုယ်ပေါ်သို့ ကပ်၍ ဆောင်းခြင်းငှါ ထိုက်သော၊ ဩပနေယိက ဂုဏ်တော် နှင့် လည်း ပြည့်စုံတော် မူ၏။ မိမိကိုယ်ပေါ်သို့ တင်၍ မိမိကိုယ်တိုင်ပင် သိရှမ်းနိုင်သော၊ ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော် နှင့် လည်း ပြည့်စုံတော် မူ၏။ ဤသို့လျှင် ဒုက္ခသစ္စာ ဟူသော တရားတော် တပုဒ်တည်း၌ပင် တရားတော် ဂုဏ် ၆-ပါး နှင့် ပြည့်စုံတော် မူ၏။ သမုဒယ သစ္စာ စသော တရားတော်မြတ် အပေါင်းတို့၌လည်း ဤ ၆-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြကုန်၏။

(၁) အနိစ္စ၊ (၂) အနတ္တ၊ (၃) အသုဘ၊ ဤသုံးပါးကို အဘန်ဘန် အထပ်ထပ် ပွါးများ ဆင်ခြင်အပ်၏။ ပွါးများ ဆင်ခြင်လေ အနိစ္စ ဟူသည် တေးဘုမ္မက သင်္ခါရ တရား တို့တည်း။ ထို တေးဘုမ္မက (၁) သင်္ခါရတို့၌ အနိစ္စဟု မှတ်ယူ ခြင်းသည် အနိစ္စသညာမည်၏။ ထို အနိစ္စသညာကို ဖြစ်လည်း ဖြစ်လေရာ၏။ ပွါးလည်းပွါးစေရာ၏ ဟူလို။

အတ္တဘာဝေယျ အနိစ္စန္တိ သဗ္ဗေသင်္ခါရာ၊ အနိစ္စာတိ အာဒိနာ ဝိဘာဝ နတော ယံကိဉ္စိ ရူပံ၊ အတီတာ နာဂတ၊ ပစ္စုပ္ပန္နန္တိ အာဒိနာ ဝိဘာဝနတော စ၊ သဗ္ဗေသင်္ခါရေသု အနိစ္စသညံ ဘာဝေယျ၊ ဥပ္ပါဒေယျ စေ ဝဍ္ဎေယျစာတိအတ္ထော၊ အဋ္ဌကထာ။

(၂) အနတ္တဟူသည် အလုံးစုံသော တေဘုမ္မက သင်္ခါရ တရားပင်တည်း။ ထို သင်္ခါရ တရားတို့သည် အနတ္တ တို့သာ တည်းဟု၊ ဖြစ်သော မှတ်ယူခြင်းသည် အနတ္တသညာ မည်၏။ ထို အနတ္တသညာကိုလည်း ဖြစ်လည်း ဖြစ်စေရာ၏။ ပွါးလည်း ပွါးစေရာ၏ ဟူလို။

အနတ္တာ သညန္တိ သဗ္ဗေဓမ္မာ၊ အနတ္တာတိ ပဝတ္တံ အနတ္တသညံ၊ ဘာဝေယျာတိ ယောဇနာ အဋ္ဌကထာ။

အသုဘ ဟူသည် ကဠေဝရကာယ ဖြစ် သော မိန်းမ ယောကျာ်း တို့ ရုပ် ကိုယ် တည်း။ တ နည်း တေ ဘုမ္မ က သင်္ခါရ တရားတို့ပင်တည်း။ အဘယ်ကြောင့်နည်း ထိုမိန်းမ ယောကျာ်း တို့၏ ရုပ် ကိုယ် တေ ဘုမ္မ က သင်္ခါရသည် ကိလေသာ အညစ်အကြေး တို့ကို စီးယို ဖြစ်ပွါး စေတတ်

သောကြောင့်၊ အကောင် မဟုတ်။ စက်ဆုတ်ဘွယ် အစု အသုဘမည်ကုန်၏။ ထို့ကြောင့် ထိုမိန်းမ ယောက်ျားတို့၏ ရုပ် ကိုယ် တေဘူမက သင်္ခါရ တရားတို့ကို၊ အသုဘ ဟု မှတ်ယူ ခြင်းသည် အသုဘ သညာ မည်၏။ ထို အသုဘ ကိုလည်း ဖြစ်စေရာ၏။ ပွါးစေရာ၏ ဟူလို။

အသုဘ သညန္တိ၊ ကရဇကာယေ သမ္ပဿိ၊ ဝိဝါ
တေဘူမက သင်္ခါရေ၊ ကိလေသာ သုစိ ပဃ္ဃရဏ
တောအသုဘာတိ၊ ပဝတ္တာသညံ အဋ္ဌကထာ။

ဒုက္ခသညာကို အသို့ မှု၍ မပြသနည်း ဟူမူ၊ ဤ အသုဘ သညာသည် ဒုက္ခ သညာ၏ အခြံ အရံ ပင်တည်း။ သို့ဖြစ်၍ ဤ အသုဘသညာဖြင့်ပင် ဒုက္ခသညာကိုလည်း ဤ၌ ယူလေ ဟူသော်၊ ဒုက္ခ သညာ ပရိဝါရောဟိ အယံ၊ တေန ဝစေတ္တ ဒုက္ခသညာပိ ဂဟိတိ ဝေတိတဗ္ဗံ၊ အဋ္ဌကထာ။

## ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်

### သစ္စာလေးပါးတရားတော်

(၁) ဒုက္ခသစ္စာ=မအောင်နိုင်တဲ့ဟာအမှန်။

သစ္စာ ပြဟန် ကြမ်းရင်း ချန်လည်း၊ နည်းမှန် ဟောရိုး လင်္ကာပျိုးအံ့၊ တံခိုးကြီးစွာ ဗြဟ္မာ, သိကြား၊ ဘုန်းအား ရဟာတ်၊ လေးကျွန်း ပါတ်သည့်၊ မန္ဒတ် တမင့်၊ ဖြစ်လင့်

စေကာ၊ သတ္တဝါ ကောင်းဆိုး၊ အမျိုးမျိုးဖြင့်၊ ထိုစိုး ထိုမင်း၊ ထိုချင်းမချို၊ ထိုသူတို့ကား ပုဂ္ဂိုလ်ဝေါဟာ ပညတ်သာမျှ ဇာတိဒါဝ နာမ် ရုပ် ရသော်၊ ခဏ ခဏ ဘိဇ္ဇနတည့်၊ နိစ္စ, သုခ, အတ္တမှတ်စွဲ အမြဲချမ်းသာ၊ ကိုယ်ငါအစစ် မှန်မဖြစ်ဘဲ၊ ဖျစ်ဖျစ်မည်ကာ အကြာမခံ့ တံ့၍မနေ ကျွမ်းကြွေလောင်ရှိန်း သစ်စိမ်း ရှက်လှ မီး၌ ကျသို့၊ တစစရင့် ရွယ်ဆင့်ဆင့်နှင့်၊ ဆံပွင့်သွားကြွေ အရေတွန့်ခြင်း၊ အိုမင်း ရွတ်တွ ဇရာကျ၍၊ မရဏာစစ် အော်ဟစ် မကင်း သေရခြင်းဖြင့် အချင်းခပ်သိမ်း ရွေ့ရွေ့ ယိမ်း၏။ မငြိမ်း နိုင်စွာ လိုရာ မရ ကာရကနှင့်၊ ဇီဝပုဂ္ဂိုလ် ငါဟု ဆိုသား ကိုယ်ကောင် မရှိ ပကတိပင်၊ မချို နိုင်အောင် မဆောင် နိုင်ရေး အိုတိုင်း ဆွေးလျက်၊ နာဘေး သေဘေး, နှိပ်စက်ဘေးနှင့်၊ တေဘူမက ဖြစ်သမျှတိ လောဘကြဉ်ငြား ဤတရားကား မမှားဒုက္ခသစ္စာတည်း။

(၂) သမုဒယ သစ္စာ — အညီအမျှ မချွတ် မယွင်း ဒုက္ခကို ဖြစ်စေ တတ်သော၊ ချစ်ခင် တွယ်တာခြင်းအမှန်။

ထို ဒုက္ခစု ထို အမှု၌၊ ကရုကတ တလုံ့လဖြင့်- ရွရွညံ့ညံ့ တရံမပြတ် ငါကောင်မှတ်လျက် လူ, နတ်, သိကြား ပုဂ္ဂိုလ်အားဖြင့်၊ ယောကျ်ားမိန်းမ စွဲလန်းကြ၍၊ တောင့်တချစ်ခင် တမင်မင်တည့်၊ ငါ့လင်-ငါ့မယား, ငါ့သား-ငါ့သမီး, ငါ့နန်း ထီးနှင့် ရွာမြို့ ဥစ္စာ မြို့ရွာ-တိုင်းပြည် အိမ်ရာ, တည်လျက်၊ လော်လီမြူးရွှင် ဆုံးမ မြင်အောင်၊ လိုချင်မပြီး မငြီးသာယာ လက္ခဏာဖြင့်၊ များသွာချက်ပုံ စေးပစ်ချုံ့သို့ အာရုံခြောက်ဖြာ

တဏှာသုံးထပ် နှစ်ရပ် သန္တာန် သုံးတန် ကာလ မြှောက်ထ ပွားသစ် တရာ့ရှစ်ဟု ဆိုးညစ်·ယုတ်မာ ပျော်တတ်စွာသား တဏှာ မည်ရှိ စပ်ယှဉ် ဘိတိုင်း မိမိအမျှ မုချ ဆတ်ဆတ် မြဲ မချွတ်အောင် အူပြုတ် သည်းကြွေ၊ အသက် သေနှင့်၊ ထွေထွေ ဖြားဖြား ထူးထူး အားဖြင့် ပျားလူး သန်လျက် လျှာဖြင့်လျက်သို့ အနက်လေးပါး ထင်ရှားမြွက်ဟ ဟောဖော် ပြသည့် ဒုက္ခ အနေ ဖြစ်စေ တတ်ငြား၊ ဤ တရားကား မမှားသမုဒယ သစ္စာတည်း။

(၃) နိရောဓသစ္စာ=ဒုက္ခချုပ်ငြိမ်းခြင်းအမှန်။

ဒုက္ခ ခြင်းရာ ဝဋ်သစ္စာ နှင့်၊ တဏှာမကင်း သက်သက် ရှင်း၍၊ ငြိမ်းခြင်း သတ္တု မှိုက်ဆိ စုသား အနုံ့ ပါဒိသ် ကြွင်းမဲ့ တိတ်အောင်၊ နိမိတ် အတ္တာ ကင်းဆိပ် ကွာလျက်၊ မဂ္ဂါရမ္မဏ ဝိရာဂဟု အမတဓာတ် အမြွတ်ဆုံးထား ဤ တရားကား မမှား နိရောဓ သစ္စာတည်း။

(၄) မဂ္ဂသစ္စာ = နိဗ္ဗာန်ကို ရောက်စေတတ်တဲ့ဟာ အမှန်။

ယထာဘူတ၊ ရှင်စော ပြသား ဒုက္ခသမုဒယ နိရောဓကာ၊ စသည့် လက္ခဏာ သိတတ်စွာတည့်၊ သမာဒိဋ္ဌိ သိသည့်အရ နိရောဓကို၊ တောင့်တ မျှော်ရှေး တရေးရေးဖြင့် ကြံထွေး လက္ခဏာ ထင်တတ် စွာသည့်၊ သမ္မာ သင်္ကပ္ပ စိတ်က ဆိုးယုတ် ဝဇီနှုတ်ဖြင့်၊ ဒုစရိုက်ကိုမကြိုက် ပယ်ခွါ ကြဉ်တတ် စွာသည့် သမ္မာဝါစ ကာယဒုစရိ ဝိရမိကို၊ ကြဉ်ဘိသည်မှာ

သမ္မာ ကမ္မန္တ၊ ကာယ ဝိညတ်၊ နှစ်လီ ဒုစရိုက်၊ ထို အမိုက်ကို၊ ကိုယ်၌တခု သက်မွေးမှုကြောင့်၊ မပြုကြဉ်ခွါ၊ သမ္မာအာဇီဝ၊ နိရောဓခွင် ရောက်ချင်ကြပ်ကြပ်၊ ပယ်အပ်ပယ်ရှား၊ ပွါးအပ် ပွါး၍၊ အားထုတ် တတ်စွာ သမ္မာဝါယမ၊ နိရောဓ, ဓါတ် တရားမြတ်ကို မပြတ်မဒွေ့ တစေ့စေ့ဖြင့်၊ အောင့်မေ့ သည်မှာ၊ သမ္မာသတိ နိဝရဏကင်း ကိလေရှင်း၍ ယင်းသည့် အမြတ် နိရောဓ,ဓာတ်၌ သက်လပ်အပ္ပနာ တည်ကြည်စွာသည် သမ္မာသမာဓိ မည်ရှိထင်ရှား ဤ ရှစ်ပါးကား မမှား မဂ္ဂ သစ္စာတည်း။

(၁) ဒုက္ခသစ္စာကို= ဤကား ဒုက္ခ၊ ဤလည်း ဒုက္ခဟု ပိုင်း ခြား သော ဉာဏ်အားဖြင့်၊ ထိုးထွင်း၍ သိခြင်း။ (ပရိညာဘိသမယ)

ဒုက္ခလက္ခဏာ ဒုက္ခသာတည့်၊ သတ္တဝါ ပုဂ္ဂိုလ် ငါကောင် ကိုယ်နှင့် ခေါ်ဆိုတုံငြား ယောက်ျား မိန်းမ စသည်မဟုတ်၊ သမုဝေါဟာရ ပညတ်မျှသာ အမြုံမ,သား ဟူသောလားသို့ ထင်ရှားမရှိ ယူဒိဋ္ဌိတို့ ပရိကပ္ပိတ အဘာဝဟု၊ သစ္စ-ကိစ္စ ကတ သုံးတန် သုံးပါးဉာဏ်ဖြင့် ဟုတ်မှန်မယွင်း ထိုးဖေါက်ထွင်း၍ သိခြင်း ပြုခြင်း တတ်ခြင်း မုချ ပြီးထသည်ကား ဒုက္ခအားကို ပိုင်းခြားသိသည့် သဘောတည်း။

(၂) ဒုက္ခအကြောင်း သမုဒယ သစ္စာကို ပယ်သော ဉာဏ် အား ဖြင့် ထိုး ထွင်း ၍ သိ ခြင်း။ (ပဟာနာဘိသမယ)

ယင်းသို့ ပိုင်းခြား သိသောအားဖြင့် ရေအား လျှပ်လျှပ် နေရောင် ဟပ်သား၊ တန်လျှပ်ကို ရေမှတ် မှားလေလည်း ရေမဟုတ်မှန်း သိဖြောင့်တန်းက၊ ငြိစွန်းအာသာ မတတ်ရာသို့၊ တဏှာ ကင်းကွယ် ဉာဏ်သုံး သွယ် ဖြင့်၊ စွန့်ပယ် အတ္တ သမုဒယ မည် ငြား၊ ဤ တရား ကို၊ ပယ်ရှား ဘိ သည့် သဘောတည်း။

(၃) ဒုက္ခချုပ်ခြင်း နိရောဓသစ္စာကို၊ မျက်မှောက် ပြုသော ဉာဏ်အစွမ်း အားဖြင့်၊ ထိုးထွင်း၍ သိခြင်း။ (သစ္ဆိကြိယာဘိသမယ)

ပိုင်းခြားပယ်ဘိ ဤသို့သိက၊ တေဘူမိဝယ် သံသာနယ်၌၊ ကိုးကွယ် ရာဘိ ရှိသို့ မထင် ညဉ့်မှောင် ကွင်း၌၊ အကြင် ယောကျ်ား နိုးတကြားဖြင့် နွားဟုမှတ်ပြီး ကျွားကိုစီးသော်၊ နေမိုးလင်းဘိ ကျွားမှန်းသိက မချိစိတ်မှာ ထွက်ပြေးရာသို့၊ မျှော်ကာ အဟုတ် စရကုတ်ဖြင့်၊ အားထုတ် တော့လား၊ သုံးပါး ဉာဏ်မူ ပြီးကြောင်း ပြုမှ ငါးခု ခန္ဓာ လွတ်ငြိမ်း ရာကို၊ ရည်ကာစောထ၊ သဘောချလျက်၊ နိရောဓရောက်၊ အာရုံလျှောက်၍၊ မျက်မှောက်ပြုသည့် သဘောတည်း။

(၄) နိရောဓသို့ ရောက်ကြောင်း မဂ္ဂသစ္စာကို ပွါးများသော ဉာဏ်၏ အစွမ်းဖြင့် ထိုးထွင်း၍ သိခြင်း (ဘာဝနာဘိသမယ)

နိရောဓ ရောက်၊ မျက်မှောက် ပြုလို၊ ထို ပုဂ္ဂိုလ်ကား၊ ကျွားကို ကြောက်က၊ ထွက်မြောက် ပြေးခွင့်၊ အသင့်ရှုကြံ၊

သစ္စံကောင်းပြု သက်မှုအားထုတ် သဖြုတ်သမွေ တည်စေ ရွေ့တိ၊ ခုံဆွေ့ ယောက်ျား ပြေ့သော့လားသို့၊ သုံးပါး ဝိရတိ အာဒိဗြဟ္မ စရိယဟု၊ သီလသမွတ် အာဇီဝဋ္ဌနှင့်၊ မချွတ် ပြီးငြား အပြားရှစ်အင် ထိုမဂ္ဂင်ကို အကြည်သုံးပါး ဉာဏ် တရားဖြင့် ဖြစ်ပွါးစေသည့် သဘောတည်း။

(၅) ဤလေးပါးသည် (သစ္စာဘိသမယ) မည်၏။

ဤသို့ မှန်စွာ အလင်္ကာဖြင့် သစ္စာလေး ပါး ပိုင်းခြား ပယ်ဖျောက် မျက်မှောက်ပွါးဟန် ဓိပ္ပါယ်ပြန်သည်၊ မှတ်ရန် အကျဉ်း သဘောတည်း။

## ကျေးဇူးရှင် မာန်လည်ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်

ကမ္ဘာ လောက ကြီး အတွင်းဝယ် မှီတင်း နေထိုင်ကြ ကုန်သော လူ ရှင် အပေါင်း တို့သည် အချင်းချင်း တဝမ်း တည်းဆင်း၊ ညီရင်းအစ်ကို မောင် နှမ သားချင်း မွေးချင်း ပေါက်ဖော် စပ်တော်ဘိသို့ မေတ္တာ ဗြဟ္မစိုရ် စိတ်ဝမ်းသိမ့်၊ လိုရာ အပြီး ခရီးမကွာ ဆိုက်ရောက် ကြမည် အမှန်တည်း။ မေတ္တာ ဗြဟ္မစိုရ် ယိုဘိတ် ကြသော ခေတ် ကာလ သည် ဥပါဒ်ဆိုး, ကပ်ဆိုး, ရောဂါဆိုး, မကောင်းဆိုးဝါး, အနာ ရောဂါများ ကင်း ရှင်းကြ ကုန် လျက် အာယုဒီဃ အသက် အတိုင်း ရှည်ကြာစွာ နေရခြင်း၊ ဝဏ္ဏဝဍ္ဎန အဆင်းအရောင် တောက်ပြောင် တင့်တယ်မှု ပွါးတိုးခြင်း၊ သုခဝဍ္ဎန ကိုယ်၏ ချမ်းသာ ရွှင်လန်းမှု၊ စိတ်၏ ချမ်းသာ ရွှင်လန်းမှု၊ ဖြစ်ပေါ်

တိုးပွါးရခြင်း၊ ဗလဝဍုန ကာယဗလ, ဉာဏဗလ, ကိုယ်အား ဉာဏ်အား ထက်သန် တိုးပွါးရခြင်း စသော ကောင်းမြတ်သော အကျိုးထူး တရားများကို နေ့မစဲညမစဲ အမြဲရရှိ ခံစားကြရ လေကုန်၏။ ဗြဟ္မစိုရ် ယွင်းဖေါက် ဗြဟ္မချောက်တရားဆိုက်ရောက် လာကြသော အခါမှ စ၍၊ လူ့လောက နယ်တလွှားမှာ ရောဂါ ဥပါဒ်ဆိုးတွေ ပေါများ၊ သရဲ သဘက်မိစ္ဆာနတ်ဆိုး ဘီလူးမျိုး၏ လုလ္လ ပရောဂ တို့ကြောင့်၊ မလှမပ ရောဂါထူး, ရောဂါဆန်း, အခဏ်းခဏ်း ပျိုးပြွမ်းစွာ ဖြစ်ပေါ် လာကြကုန်၏။ တဦးနှင့် တဦး စိတ်ဝမ်းကွဲကာ၊ ဗယန်းဗတာ အပြစ်ရှာကြ ကုန်၏။ အဖေနှင့်သား, လင်နှင့်မယား, စကား တောက်ဆပ် တလစပ် ခိုက်ရန် ဒေါသဒါဏ်ချက်တို့ဖြင့်၊ အမြဲနှိပ်စက် ညှင်းပန်းကြကုန်၏။ အကြင်အခါ၌၊ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်, ကုန်သွယ်, လယ်လုပ်တို့၊ ဝိသမ လောဘ, မညီ မညွတ်သော လောဘ၊ စည်းကမ်းထက် ထူးချွန်၍ ပိုလွန်သော လောဘ ဘွက်ကြမ်းကုန်၏။ ထိုအခါ လူ့လောကကြီး၌ ဒုဗ္ဘိက္ခန္တရ ငတ်မွတ်ခေါင်းပါး အစာရှားသော ကပ်ကြီး ဆိုက်ရောက်ကြကုန်၏။ ထို အခါ- သတ္တန္တရ၊ ဒုတ်မိုး, ဓါးမိုး, လှံမိုး, သေနတ်, အမြောက် လက်နက်မိုး, ကပ်ဆိုး ကြီးတွေ ဆိုက်ရောက်ကြကုန်၏။ သေတိုင်း သေတိုင်း, ငရဲဘုံသို့ ဆိုက်ကပ်ကြရကုန်၏။

အကြင် အခါ၌၊ မောဟ စရိုက် အားကြီးကြ ကုန်၏။ ထိုအခါ ရောဂန္တရ = အနာထူး, အနာဆန်း, ရောဂါထူး,

ရောဂါဆန်း ကပ်, ဥပဒ်, အန္တရာယ် အသွယ်သွယ်တို့သည်၊ ဖြစ်ပေါ်ကြကုန်၏။

ထို ရောဂန္တရ ကပ်ဆိုးကြီး အတိုက် ခံကြရ ကုန်သော သူတို့သည် တရားသံဝေဂ ရကြကုန်၍၊ အချင်းချင်း သနား ကြဉ်နာ ဂရုဏာတရား ပွါးများလာကြသောအခါ ဗြဟ္မစိုရ် အတွက် အထက်နတ်ပြည်တခွင်တို့သို့ဆိုက်ရောက်ကြကုန်၏။

## ဆောင်ပုဒ် အကျဉ်းချုပ်

မှတ်စိမ့် ကျမ်းလို၊ တခဏ်း ဆိုပိမ့်၊ ဗြဟ္မစိုရ် လေးဖြာ၊ တည်ကြည်ခါမှ၊ သတ္တဝါဟူဟူ၊ ဥ်းမည်းဖြူတို့၊ ရှင်လူခပင်း၊ ရောဂါကင်းလျက်၊ ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်၊ ချမ်းသာ ခွန်အား၊ သက်ရှည်ပွါး၏၊ လေးပါး ဗြဟ္မစိုရ်၊ ကုသိုလ် သမ္မာ၊ ကင်းကြခါ၍၊ ယက္ခာဓိပ၊ ဣန္ဒာစသား၊ နတ်ကြီးများ တို့၊ စိမ်းဝါးကြမ်းခက်၊ သံဘက်ဥပါ၊ မိစ္ဆာရဲဆိုး၊ ဘီလူးမျိုး ကို၊ စောင့်စိုးမအုပ်၊ မချုပ်သော့အား၊ ပေါက်လွှတ်ထား၍ လူများဘေးရောက်၊ သေပေါက်ဥပဒ်၊ များသတတ်တည့်၊ မှတ်လေ့ဟာသွယ်။ လူတို့ဝယ်လျှင်၊ ကြီးငယ်အများ၊ မင်း ပုဏ္ဏားက၊ ယောကျ်ားမိန်းမ၊ ကြဉ်ကာလ၍၊ လောဘတရား၊ စရိုက်များလျက်၊ ပြန့်ပွါးမဆိတ်၊ ထိုကြောင့် ဟိတ်ကြောင့်၊ (ဒုဗ္ဘိက္ခန္တရ) ကပ်ကြီးကျ၍၊ ငတ်ကြ, မွတ်ကြ၊ မဝရေစာ၊ တောင့်တကာလျှင်၊ များစွာသေပျောက်၊ ပြိတ္တာရောက်၏။ မီးတောက်တမျှ၊ ဟုန်းဟုန်း ထလျက်၊ ဒေါသ ဟိတ်လွန်၊ ပြန့်ပွါးဂုန်းသော်-(သတ္တန္တရ)ကပ်ကြီးကျ၍၊ သတ်ကြဖြတ်ကြ အာဃာတဖြင့်၊ သေထတုံမြောက်၊ ငရဲရောက်၏၊ ထိုနောက်

ဉာဏ နည်းပါးကြကြောင့်၊ မောဟာသမုဋ္ဌာန် ထို ဟိတ်လွန်က (ရောဂန္တရ) ကပ်ကြီးကျ၍၊ များလှ ရောဂါ ဝေဒနာဖြင့်၊ ခန္ဓာ ပျက်သူ ပြန့်ပြော့ ထူလျက်၊ အယူ မမှား ချင်းချင်း အားလည်း၊ သနား ကြဉ်နာ ဂရုဏာနှင့်၊ မေတ္တာ မကင်း သေကြ လျှင်း၍၊ ခပင်းများစွာ သတ္တဝါတို့၊ လူ့ရွာ နတ် ခြောက် ဖြစ်ကြရောက်၏။ မဖေါက် မှန်စွာ ကျမ်း၌လာခဲ့၊ (လေးဖြာဗြဟ္မစိုရ်) ပျက်ယွင်း ယို၍၊ အကုသိုလ်မူလ ဟိတ် ပါပတို့၊ ပွါးကြ ကုန်ဘိ ထို သတ္တိကြောင့်၊ ကလိယုဂ် ဟု သမုတ် သညာ ဝေါဟာ ပညတ်၊ ခေါ်ဝေါ် အပ်သား ဆုတ်ကပ် ကာလ ဟာယန၌၊ လောက လူ့ရွာ သတ္တဝါတို့၊ မမ္မတာ့ တရား ဟိတ် သုံးပါးနှင့်၊ ကပ်အား တော် ရမည် ကိုကား။

## ဖဿဝေဒနာအစု သိမ်းဆည်းပုံ

၁။ ကံကောင်း,ကောင်းကောင်းနှင့်တွေ့ ကောင်းကောင်း ခံစားရ။

၂။ ကံဆိုး,ဆိုးဆိုးနှင့်တွေ့ ဆိုးဆိုးခံစားရ။

၃။ စိတ်ကောင်း,ကောင်းကောင်းနှင့်တွေ့ကောင်းကောင်း ခံစားရ။

၄။ စိတ်ဆိုး, ဆိုးဆိုးနှင့်တွေ့ ဆိုးဆိုးခံစားရ။

၅။ ဥတုကောင်း, ကောင်း ကောင်း နှင့် တွေ့ ကောင်း ကောင်းခံစားရ။

၆။ ဥတုဆိုး,ဆိုးဆိုးနှင့်တွေ့ ဆိုးဆိုးခံစားရ။

၇။ အဟာရကောင်း, ကောင်းကောင်းနှင့်တွေ့ ကောင်းကောင်း ခံစားရ။

၈။ အဟာရဆိုး,ဆိုးဆိုးနှင့်တွေ့ ဆိုးဆိုးခံစားရ။

**ဖဿဝေဒနာစုကို သိမ်းဆည်းပုံပြီး၏။**

---

## ရုပ်ကိုသိမ်းဆည်းပုံ

၉။ မိန်းမ ယောကျ်ား, အကောင် သတ္တဝါမဟုတ်။

၁၀။ ကံကြောင့်ဖြစ်သော ရုပ်မျှနှ့်ရုပ်စု ရုပ်ထည်ကြီး။

၁၁။ စိတ်ကြောင့်ဖြစ်သော ရုပ်မျှနှ့်ရုပ်စု ရုပ်ထည်ကြီး။

၁၂။ ဥတုကြောင့်ဖြစ်သော ရုပ်မျှနှ့်ရုပ်စု ရုပ်ထည်ကြီး။

၁၃။ အဟာရကြောင့်ဖြစ်သော ရုပ်မျှနှ့်ရုပ်စု ရုပ်ထည်ကြီး။

ဤသို့ အကြောင်းလေးပါးကြောင့်ဖြစ်သော

ရုပ်မျှနှ့်ရုပ်စုအဖြစ်ကို သိမ်းဆည်းပုံပြီး၏။

---

## ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

သင်္ခါရဓမ္မ တို့၏=အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကိုရင်း။ ဖြစ်ပျက်နှစ်ခု ဥဒယဗ္ဗယ သဘောကိုရင်း။ အပျက်သက်သက် ညက်ညက်ကြေမှု ဖျက်ဖျက်ကျသကဲ့သို့၊ ဘင်္ဂ-အခြင်းအရာကိုရင်း။ ပျက်ခြင်းမဆိပ် နှိပ်စက်မစဲ စစ်ပွဲဦဝင် ကြောက်မက်

ဘွယ်သို့၊ ကိုးကွယ်မရ သင်္ခါရ တို့၏။ ဘယ၊ အခြင်း အရာ ကိုရင်း။ အပျက်အတိ တောဘုမ္မိ၌၊ မမှီခိုရာ မပြစ်သာသော အာဒိနဝါကာယကိုရင်း။ သင်္ခါရ ဘုမ္မိတို့၌၊ မပျော်မမွေ့ ငြီးငွေ့ လွန်စွာ နိဗ္ဗိဒါကာရကိုရင်း။ သင်္ခါရုပေက္ခာ၊ အနုလောမဉာဏ်တိုင်အောင် မပြတ်ထင်ထင် ဆင်ချင် အောင့်မေ့နိုင်အောင် ဖြစ်စေ ခြင်းသည်၊ ဝိပဿနာ ခဏ္ဍ၌ သတိ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည်မည်၏။ ထိုသို့သော လက္ခဏာ အာကာရတို့ကို ကောင်းစွာစိစစ် ဆင်ချင် ပိုင်းခြားနိုင်အောင် ဖြစ်စေခြင်းသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏။ မဆုတ်မနစ် အသစ်သစ် တိုးပွါးအောင် ဖြစ်စေ နိုင်ခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏။ နှစ်သက်ရွှင်ပျို့စွာ ဖြစ်စေနိုင်ခြင်းသည်၊ ပီတိ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည်မည်၏။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ပူပန်ခြင်း ကင်းသည့် စေတသိက်ဖြင့်၊ စိတ်တို့၏ ငြိမ်းချမ်းသာယာအောင် ဖြစ်စေ ခြင်းသည်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏။ အလိုရှိအပ် မရှိအပ်သော ဣဋ္ဌ အနိဋ္ဌ အာရုံတို့၌၊ လစ်လျူ မျှအောင် စိတ်ကို ဖြစ်စေခြင်းသည်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေသည် မည်၏။ ဤသို့ လောကီ ပုဗ္ဗဘာဂ ပဋိပဒါ ဝိပဿနာ ခဏ္ဍ၌ ဗောဇ္ဈင် ဘာဝနာ ဝိဓိကို အကျဉ်းမှတ်လေ။ ဣဒ္ဓိပါဒ ဘာဝနာ စသည် ကိုလည်း၊ ဤအတူ ဆင်ချင်၍ မှတ်လေ။ မဂ် ခဏ္ဍကား နိဗ္ဗာန် တခုကိုသာ အာရုံ ပြု၍၊ တချက်တည်း ဖြစ်ကြကုန်၏။ ထို ဖြစ်ပွါးစေခြင်းသည်လည်း သောတာပတ္တိ မဂ် ခဏ္ဍ ဖြစ်စေသည် မည်၏။ အထက် မဂ် ခဏ္ဍကား ပွါးစေသည်မည်၏။

တတ္ထဒေတံပဌမ မဂ္ဂက္ခဏေဥပ္ပါဒန်
ဥပရိမဂ္ဂက္ခဏေစ, ဝဍ္ဎနံ။ ။အဋ္ဌကထာ။

သောတာပတ္တိမဂ် ခဏ၌ နိဗ္ဗာန်ကို အာရုံပြု၍ မဖြစ်ဘူးသော ဗောဓိပက္ခိယ တရားတို့ကို၊ ရှေးဦးစွာ ဖြစ်စေခြင်းကြောင့် ဥပ္ပါဒနမည်၏။ အထက်မဂ် ခဏတို့၌ကား။ ပဌမမဂ် ခဏက ဖြစ်ဘူး ပြီးသော ဗောဓိပက္ခိယ တရားတို့ကို ပွါးရုံမျှ ဖြစ်သောကြောင့် ဝဍ္ဎန မည်၏။ ပွါးစေသည်မည် ဟူလိုသော်။ ။ဤကား အဓိပ္ပါယ်။

## သတိပဋ္ဌာန်လေးပါး

၁။ ကာယေကာယာနုပဿနာ၊
၂။ ဝေဒနာသုဝေဒနာနုပဿနာ၊
၃။ စိတ္တေစိတ္တာနုပဿနာ၊
၄။ ဓမ္မေသုဓမ္မာနုပဿနာ၊

၁။ ကာယေ၊ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ်။ ဖေါက်ပြန် တတ်သော အပေါင်း၌၊ ကာယာနုပဿနာ၊ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ် ဖေါက်ပြန်တတ်သော အပေါင်းသာဟု အဖန်တလဲလဲ ရှုခြင်း မှတ်ခြင်း။

၂။ ဝေဒနာသု၊ သာယာ မသာယာ လျစ်လျူကာ ခံစားတတ်သော ဝေဒနာတို့၌၊ ဝေဒနာနုပဿနာ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ် သာယာ မသာယာ လျစ်လျူကာ ခံစားတတ်သော ဝေဒနာ တရား တို့သာဟု အဖန်တလဲလဲ ရှုခြင်း မှတ်ခြင်း။

၃။ စိတ္တေ၊ အကောင် သတ္တဝါ မိန်းမယောကျ်ားမဟုတ်၊ အာရုံ ၆-ပါးကို သိတတ်သော စိတ်၌၊ စိတ္တာနုပဿနာ။ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ်၊ အာရုံ ၆-ပါးကို သိတတ်သော စိတ်သာဟု၊ အဖန်တလဲလဲ ရှုခြင်း မှတ်ခြင်း။

၄။ ဓမ္မေသု၊ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ်၊ ခန္ဓာစသော သဘောတရား တို့၌၊ ဓမ္မာနုပဿနာ၊ အကောင် သတ္တဝါ မိန်းမ ယောကျ်ား မဟုတ်၊ ခန္ဓာစသော သဘောတရားတို့သာဟု၊ အဖန်တလဲလဲ ရှုခြင်းမှတ်ခြင်း။

**သတိပဋ္ဌာန်တရားလေးပါး ပြီး၏။**

---

၁။ ရောက်သမျှထင်ရာ ထင်သမျှတွေ့၊ တွေ့သမျှခံ ခံသမျှ အလိုရှိ၊ အလိုရှိသမျှစွဲလမ်း စွဲလမ်းသမျှအားထုတ်၊ အားထုတ်သမျှ အသစ်ဖြစ် အသစ်ဖြစ်သမျှ အိုသေ၊ အကြောင်းအကျိုး အစဉ်သော၊ မှတ်လေပဋိစ္စသမုပ္ပါဒ် အကျဉ်းတည်း။

၂။ ဆံနှင့်အမွေး နှပ်နှင့်တွေး ညစ်ကြေး ကျဉ်ကြီးငယ်။

၃။ ရှင့်သေ့နှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်။

၄။ ပျို-အို့နှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်။

၅။ ယုတ့်မြတ့်နှစ်မျိုး တူကြရိုး ရုပ်ဆိုးမတင့်တယ်။

၆။ ကိုယ့်သား ကိုယ့်သွေး ဆံအမွေးက ပြည်စေးတလွ ဟုသမျှ မြင်ကစက်ဆုတ်ဘွယ်။

၇။ ရေရောင် ဆီရောင် တန်ဆာရောင်နှင့်၊ ကိုယ်ရောင် မဟုတ် ဤကိုယ်ပုပ် ဟန်လုပ်တကာယ်ကာယ်။
၈။ တွင်းပုပ် ပြင်ပုပ် ဤကိုယ်ပုပ် စက်ဆုတ်ရွံရှာဘွယ်။
၉။ မသေလည်းပုပ် သေလည်းပုပ် စက်ဆုတ်ရွံရှာဘွယ်။

**အသုဘကိုးသိမ်းဆည်းပုံ ပြီး၏။**

---

၁။ ရှေးနှင့်မတူ ဖေါက်ပြန်မှု ရူပက္ခန္ဓာသဘောတည်း။
၂။ မခံနိုင်အောင် ခံနိုင်ပျော်၊ နှစ်ဖေါ် ဝေဒနက္ခန္ဓာသဘောတည်း။
၃။ မဟုတ် လည်း မှတ် ဟုတ် လည်း မှတ်၊ ဆတ်ဆတ် သညက္ခန္ဓာ သဘောတည်း။
၄။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြည်ဖြူခြင်းက စသည်အပေါင်း ဆိုးကောင်း စိတ်က၊ ဖြစ်သမျှ မှတ်ကြ သင်္ခါရက္ခန္ဓာ သဘောတည်း။
၅။ မြင်သိ၊ ကြားသိ၊ နမ်းရှုသိက၊ လျက်သိ၊ တွေ့သိ၊ ကြံစိ သိ၊ မှတ်ဘိ ဝိညာဏက္ခန္ဓာ သဘောတည်း။

**ခန္ဓာငါးပါး ပြီး၏။**

---

၁။ ပထဝီမြေ၊ အာပေါရေ၊ မာထွေးစီးဘွက် သဘောတည်း။
၂။ တေဇော၊ မီးပေ ဝါယော၊ လေ ရင့်ကြေ တောင့်တင်း လှုပ်လက်သဘောတည်း။

**ဓါတ်လေးပါးပြီး၏။**

၁။ မြင်ရာ,ကြားရာ,နံ့မ်းရှုရာက၊လျှက်ရာ,တွေ့ရာ,တဖြာ မှတ်ရေး၊ သွေး,သက်,ထိုးမှ ရုပ်ကိုး၀ ကမ္မကြောင့် ဖြစ်ပါ။

၂။ ခေါင်း,ကိုယ်,ခြေ,လက်,မျက်စိ,နား,နှာ,အင်္ဂါလုံး ပြား,သဏ္ဍာန်အားဖြင့်၊ ယောကျ်ား မိန်းမ ဖြစ်ပေါ် ကြ၊ ကမ္မာကြောင့် ဖြစ်ပါ။

၃။ အရိုး,အသား,သံနှင့်သွေးက လုံးပြားအင်္ဂါ၊ ခိုင်မာ တောင့်တင်း ရင့်အိုခြင်း၊ မယွင်းဥတုကြောင့်ဖြစ်ပါ။

၄။ အလုံးအပြား ဖွံ့ကြီးထွား အားအန် အဟာရကြောင့် ဖြစ်ပါ။

၅။ ပြောခြင်း, ဆိုခြင်း, စားသောက် ခြင်းနှင့်၊ အိပ်ခြင်း ထိုင်ခြင်း, ရပ်သွားခြင်း, လှုပ်ခြင်းစိတ်ကြောင့်ပါ။

**အကြောင်းလေးပါးကြောင့် ဖြစ်သောရုပ် ပြီး၏။**

၁။ မြေ,ရေ,မီး,လေ လေးတွေပေါ်လာ၊ မာပျော့,ပွလှုပ် ဘူတရုပ်နှင့်၊ သရုပ်မယွင်း ဆင်းနံ့ ရသာ၊ဩဇာဘူတ ရှစ်ပါးပြ အဋ္ဌကလာပ်ရုပ်မှတ်ပါ။

**အဋ္ဌကလာပ်ရုပ်ရှစ်ပါး ပြီး၏။**

၁။ မခံနိုင်သေး မသေနိုင်ခံ သည့်ရုပ်နာမ် ဟာရုံမရွေ့သာ။

၂။ အပျိုအအို ဤရုပ်ကို ပုပ်ယိုမကောင်းပါ။

၃။ ထိုင်းမှိုင်းရွတ်ယို ဤရုပ်ကို အလိုမလိုက်ပါ။

၄။ ဖြစ်ချုပ်-ဖြစ်ချုပ် ကဟုတ်ဟုတ် နာမ်ရုပ်ဓမ္မတာ။

၅။ ကောင်ထည်မဟုတ် တလှုပ်လှုပ် ဖြစ်ချုပ်အစဉ်သာ။

၆။ တိတ်-ပစ္စုပ္ပန်-နာဂတ် သုံးတန်ကာလသာ။
၇။ ဖြစ်လေ့ ချုပ်လေ့ လွန်သိမ်မွေ့ ကြည့်ရှုမမြင်သာ။
၈။ ဉာဏ်ဖြင့်ရှုမှ သဘာဝ မှုချကင်းသည်သာ။
၉။ ဖြစ်သလိုခံ သည်ရုပ်နာမ် တရံမရှေ့သာ။
၁၀။ ဖျက်ဖျက်-ဖျက်ဖျက် ဖြစ်ရှုပျက် သက်သက်ဒုက္ခသာ။
၁၁။ အနိစ္စ-ဒုက္ခ အစဉ်မျှ အတ္တမဟုတ်ပါ။
၁၂။ အမြဲချမ်းသာ သတ္တဝါနှင့် သူငါမဟုတ် တလှုပ်လှုပ်
ဖြစ်ချုပ်အစဉ်သာ။
၁၃။ ရုပ် ဆောင် ဟန် ဆောင် တယောင်ယောင် နှင့်၊
ကိုယ်ကောင်မဟုတ် တလှုပ်လှုပ် နာမ်ရုပ် အစဉ်သာ။
၁၄။ အလုံးအပြား ထင်တိုင်းမှား ထင်ရှား ကောင်ထည်
မဟုတ်ပါ။
၁၅။ လုံးစဉ်ပြားစဉ် ထပ်ထပ်စဉ် ရေယဉ်မီးပမာ။
၁၆။ လူမဟုတ်ဘဲ လူဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၁၇။ နတ်မဟုတ်ဘဲ နတ်ဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၁၈။ ဗြဟ္မာမဟုတ်ဘဲ ဗြဟ္မာဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၁၉။ ယောကျ်ား မဟုတ်ဘဲ ယောကျ်ားဟုစွဲ ဖေါက်လွဲ
ဝိပ္ပလ္လာ။
၂၀။ မိန်းမ မဟုတ်ဘဲ မိန်းမဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၁။ လင်မဟုတ်ဘဲ လင်ဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၂။ မယားမဟုတ်ဘဲ မယားဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၃။ သားမဟုတ်ဘဲ သားဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၄။ သမီးမဟုတ်ဘဲ သမီးဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၅။ ငါမဟုတ်ဘဲ ငါဟုစွဲ ဖေါက်လွဲဝိပ္ပလ္လာ။

၂၆။ သူမဟုတ်ဘဲ သူဟုတ်စွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၇။ အကောင်မဟုတ်ဘဲ အကောင်ဟုတ်စွဲ ဖေါက်လွဲ ဝိပ္ပလ္လာ။
၂၈။ သတ္တဝါမဟုတ်ဘဲ သတ္တဝါဟုတ်စွဲ ဖေါက်လွဲဝိပ္ပလ္လာ။
၂၉။ လူမဟုတ်ဘဲ လူဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၀။ နတ်မဟုတ်ဘဲ နတ်ဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၁။ ဗြဟ္မာမဟုတ်ဘဲ ဗြဟ္မာဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၂။ ယောကျ်ားမဟုတ်ဘဲယောကျ်ားဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၃။ မိန်းမမဟုတ်ဘဲ မိန်းမဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၄။ လင်မဟုတ်ဘဲ လင်ဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၅။ မယားမဟုတ်ဘဲ မယားဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၆။ သားမဟုတ်ဘဲ သားဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၇။ သမီးမဟုတ်ဘဲ သမီးဟုတ်စွဲ ဆင်းရဲရမည်သာ။
၃၈။ လင်မဟုတ်ဘဲ လင်ဟုတ်စွဲ ရှင်ကွဲ-ကွဲမည်သာ။
၃၉။ လင်မဟုတ်ဘဲ လင်ဟုတ်စွဲ သေကွဲ-ကွဲမည်သာ။
၄၀။ မယားမဟုတ်ဘဲ မယားဟုတ်စွဲ ရှင်ကွဲ-ကွဲမည်သာ။
၄၁။ မယားမဟုတ်ဘဲ မယားဟုတ်စွဲ သေကွဲ-ကွဲမည်သာ။
၄၂။ သားမဟုတ်ဘဲ သားဟုတ်စွဲ ရှင်ကွဲ-ကွဲမည်သာ။
၄၃။ သားမဟုတ်ဘဲ သားဟုတ်စွဲ သေကွဲ-ကွဲမည်သာ။
၄၄။ သမီးမဟုတ်ဘဲ သမီးဟုတ်စွဲ ရှင်ကွဲ-ကွဲမည်သာ။
၄၅။ သမီးမဟုတ်ဘဲ သမီးဟုတ်စွဲ သေကွဲ-ကွဲ-မည်သာ။
၄၆။ လင်ရှိသူ လင်ကြောင့်ပူ လိုက်ဆူမချမ်းသာ။
၄၇။ မယားရှိသူ မယားကြောင့်ပူ လိုက်ဆူမချမ်းသာ။
၄၈။ သားရှိသူ သားကြောင့်ပူ လိုက်ဆူမချမ်းသာ။
၄၉။ သမီးရှိသူ၊ သမီးကြောင့်ပူ လိုက်ဆူမချမ်းသာ။

၅၀။ နွားရှိသည့်၊ နွားကြောင့်ပူ လိုက်ဆူမချမ်းသာ။
၅၁။ ပေါင်းကြလျှင်ကွဲ မချွတ်လွဲ အမြဲဓမ္မတာ။
၅၂။ သေကွဲရှင်ကွဲ သည်နှစ်ကွဲ မကွဲနိုင်ကြသာ။
၅၃။ သင်္ခါရမျိုး ဖြစ်ပျက်ရိုး လွန်ဆိုးကြောက်အပ်စွာ။

## ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကထာ အကျဉ်းချုပ်။

သာကီနွယ်ရိုး တကောင်းမျိုးမှ၊ ဆင်းသက် လာသော မင်းတို့၏ ထီနန်း စိုးစံဘူးရာဌာန၊ ဘူမိသီခရ၊ ပုထုဝိပုက္ခလ ဖြစ်သော (အထက်မြန်မာပြည်) မန်လည်မြို့ကြီး၌၊ မြန်မာ သက္ကရာဇ် ၁၂၀၃-ခုနှစ်၊ နှောင်းတံခူးလဆန်း (၁၂) ရက် အင်္ဂါနေ့၊ ညဉ့် "၃" ချက် တီးကျော် ဝိသာခါ နက္ခတ် မွန်းတည့် မတ်သော အချိန် ကာလသည်ကား၊ သာသနာ တော်၏ နိမိတ်ဖြင့်၊ အောင်ဟိတ် ရက်ထူး ဟူ၍၊ ချီးကြူး ထောမနာ၍၊ ဇမ္ဗူဒီပါ လကျ်ာ ကျွန်းခွင် ကမ္ဘာ ပြင်မှာ အထင်အရှား မှတ်တမ်းအစဉ် ထားလောက်သော၊ နေ့ထူး နေ့မြတ်ကြီးဟူ၍ ဆိုအပ်လေသည်။

အဘယ့်ကြောင့်နည်း ဆို သော်၊ အထက်၌ ဖော် ပြ အပ်သော နေ့, ရက်, အချိန်, ကာလသည်ကား၊ ပုရိသုတ္တမ၊ ပုရိသာဇာနေယျ သာသနာ့တံခွန် ချွန်ကြီးချွန်၍၊ အလွန် မြင့်မြတ်တော်မူလှသော မာန်လည်ဆရာတော် ဘုရားကြီး၏ ဖွားတော် မူရာ အခါ ပြက္ခဒိန် အချိန် သတ်မှတ် နေ့ထူး နေ့မြတ် ဖြစ်လေသောကြောင့်တည်း။

ယခုအခါ လွန်စွာကျော်စော ထင်ရှား၍၊ ပေါက်သား နာဂဝင်၊ ပြောင်မာတင်းကြီး သဖွယ် ဖြစ်တော် မူသော မာန်လည် ဆရာတော် ဘုရားကြီးသည်၊ အထက် အဆိုပါ နှစ်,လ,ရက်,ချိန် ပြက္ခဒိန် ကြုံကြိုက်သောနေ့တွင်၊ မြန်မာပြည် သုနပရန္တတိုင်း မန်လည်မြို့ကြီး၌၊ မီးရှူးသန့်စင် ဖွားမြင် တော်မူလေသတည်း။ ခမည်းတော်မှာ သစ်ကုန်သည်ကြီး ဦးထင်ညို၊ မယ်တော်မှာ ဒေါ်ဖြေတို့ ဖြစ်ကြလေသည်။

### မာန်လည်ဆရာတော်ဘုရားကြီး၏ ဇာတာတော်ပုံ




ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရေးသား မှတ်ထား တော်မူသော ဇာတာခွင်ဘွဲ့ တေးထပ်မှာ၊ အောက်ပါ အတိုင်းဖြစ်သည်။

တေသုည ဒွေးကော, ရေးသက္ကရာဇ်မှတ်ရန်၊ အမြိတ္တာ ဓါတ်မှန်ဝယ် နတ်သကြိုန် ခေါ်လု၊ နှောင်းတန်ကူးမို့,

ပြောင်းမကူး ရာသီညာတယ်၊ ဗိဇနာထေဂိသနူ ဆန်းဒွါဒ
ကေသရီဝယ် ရွှေနာရီခါရှူ ညဉ့်သုံးတန်ကျော်လုလို့ မွန်း
မတ်ပြု ကြယ်သာခါ၊ မိန်ပုံမှာဂဠုံပူးနှင့် ဓါတ်ဦးတွင်စန္ဒာပ၊
နန်းမိဿ သီဟရာဇာ ကုမ်ဗုဒ္ဓိ စက်မကာဝယ်၊ နတ်ဗိဝါ
ဟိုင်းလက် နှင့် မနူထက် ရေနာဝိန် ထွန်းကြ ထိန်ထိန်၊
စဉ်ခုနှစ်ပါဒ် ပြည့်ချိန်ဝယ်၊ ထေရ်ကဝိန် ဖွားသည်ကွဲ့လေး။

( ရှင်နာဂသေန–ဝတ္ထု၊ ရှင်မဟာ မောဂ္ဂလိပုတ္တတိဿ ဝတ္ထုများကို ထောက်ထား ပါလျှင်၊ ကျောက်ထီး တန္တု အလေးပြု အပ်တော ပုဂ္ဂိုလ်မြတ်ကြီး တို့၏။ အမည် နာမ တော်များကို ထုတ်ဖော်ခေါ်ဝေါ် ပြောဆိုရန်မသင့်မလျော် ထုတ်ဖော် ပြောဆိုပါက၊ ရိုင်းရာကျသည်ပင် ဖြစ်ပါသော် လည်း၊ တစုံတခုသော အတ္ထုပ္ပတ္တိကို ရေးသား ရာတွင်၊ အများတို့ သိသင့် သိထိုက်သော အရာဖြစ်သည်နှင့် ဗဟု သုတ လိုလားသော ပုဂ္ဂိုလ် များ၏ အမှတ် သညာကို ဖြည့်စွမ်းခြင်းငှါရင်း၊ "ဆိုခွင့်ရှိကတိုအပ်လှ၏။ ဆိုစများလျား ထားပချေမိ ငါ့ဝန်ရှိခဲ့" ဟူသောပျို့လင်္ကာကို ထောက် ထားသော အားဖြင့်ရင်း၊ အမည် သညာ တော် များကို ထုတ်ဖော် ရေးသားရန်၊ အကြောင်းအခွင့် ဆိုက်တိုက်လျှက် ရှိချေ၏။)

မာန်လည်း ဆရာတော်ဘုရားကြီး၏ ငယ်နာမည်တော်ကို၊ "ဦးမာ" ဟူ၍ မှည့်ခေါ်ကြလေသည် (ပုသိမ်မြို့ ဦးဂဒုမသို့ ကိုယ်တော်တိုင် ရေးသော ကဗျာ တွင်လည်း၊ "မာန် မလုပ်ချင်ဘူး မာန် လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ

န့ကို သတ်ရုံဘဲဟု၊ မိမိငယ်မည်ကို ထုတ်ဖေါ် -ရေးသားတော်မူလေသည်။ "မာ"ဆိုသောအမည်ရင်းမှာ၊ န့သတ်လျှင် "မာန်"ဖြစ်သည်ကို ရည်၍ ဆိုသည်။)

"မာ" ဆိုသောစကားမှာ၊ ပါဠိဘာသာအားဖြင့်"လ"ဟု အဓိပ္ပါယ်ရ၏၊ လကဲ့သို့ ထွန်းလင်းတောက်ပရန် သညာနိမိတ်ပင်ဖြစ်လေသည်၊ မြန်မာဘာသာအားဖြင့်၊ မာ့ ဆိုသည်မှာကြံ့ခိုင်သန်စွမ်းခြင်းအဓိပ္ပါယ်ရ၏၊ (ထိုသူငယ် ၃-နှစ်မြောက်တွင်၊ ဘခင်သစ်ကုန်သည်ကြီး ကွယ်လွန်လေ၏။ အမရင်းတယောက်ရှိသည် အမည်မှာ ဒေါ်သုတ်ဟု ခေါ်၏။)

သူငယ်အဖြစ်နှင့် ချမ်းသာစွာကြီးပွားလာပြီးလျှင်၊ ၁၂-နှစ်အရွယ်ရောက်သောအခါ၊ ဝန်းသိုမြို့ တောင်ပေါ်ကျောင်း၊ ဝန်းသိုစော်ဘွား၏ နောင်တော်ဘုန်းကြီးဦးပန်းအောင်ထံမှာ သူငယ်ကို အပ်နှံ၍ ဗုဒ္ဓ ဘာ သာ မြန်မာ အမျိုးသားတို့၏ ထုံးစံအတိုင်း နမောဗုဒ္ဓါယမှ စ၍၊ သရဗျည္ဇန ဝဏ္ဏ စသောသင်္ချိုးစာများကို လေ့လာ သင်ကြားလေရာ၊ ၁၂-နှစ်အရွယ်မှာပင်၊ မြန်မာစာကို မြင်းကောင်း စိုင်းနှင်းသကဲ့သို့၊ သွက်သွက်လက်လက် ဘတ်ရွတ်နိုင်လေသည်။ ထိုသူငယ်သည် ကဝိ လက္ခဏာ ဇာတိပါလာသည်နှင့်၊ အသက် ၁၄-နှစ်မတိုင်မှီ ကပင်၊ ကျဗျာ လင်္ကာ များကို၊ အထူး ဝါသနာပါရှိ သောကြောင်း၊ ရှေး ပညာ ရှိများ ရေးသားသော၊ မြန်မာပျို့၊ ကဗျာ၊ လင်္ကာများကို၊ တစတစ ကြည့်ရှုလေ့လာပြီးလျှင်၊ မိမိလည်း တတ်စွမ်းသမျှ လေးချိုး၊ ဒွေးချိုးတေးထပ် စသည်များကို ရေးသားလေ့ ရှိခဲ့လေသည်။

ဇာတိရင်းက ကဗျာဝါသနာပါ၍လာသော ဝသီဥာဏ်သည်။ မဃဒေဝ လင်္ကာ သစ်ကို ရေးသား ပြန့်နှံ့ခြင်း အားဖြင့်၊ ကဗျာ့အရာ၌ ပါရဂူ မြောက်ကြီးဖြစ်ကြောင်းကို၊ အောင်လံ တံခွန်စိုက်ထူ၍ပြတော်မူ၏။

အသက် ၁၅-နှစ်အရွယ်တွင်၊ မိခင်-ဒေါ်ဖြေ ကွယ်လွန် အနိစ္စရောက်ပြီးနောက်၊ အသက် ၁၆ နှစ်အရွယ်သို့ ရောက်လေသောအခါ၊ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာဖြင့်၊ ဝန်းသို စေ်ဘုရား၏ နောင်တော် ဘုန်းကြီး ထံမှာပင်၊ သာမဏေ အဖြစ်သို့ ရောက်တော်မူလေသည်၊ သာမဏေ ဘွဲ့မည်ကား ရှင်ဇဝနတည်း။

ရှင်သာမဏေ ဖြစ်လေပြီးသော်၊ ၆-ဝါတိုင်တိုင် အရှင် နန္ဒမဥ္ဇူ ထံတော် တွင်ခိုလှုံ၍၊ ပါဠိအဋ္ဌကထာ ဋီကာ ကျမ်း ဂန်များကို သင်ကြား တော် မူလေရာ၊ ပညာပါရမီ ပြည့်ညီ ထက်သန်တော် မူသည့်အတိုင်း ဥပသမ္ပဒ ကံဖြင့်၊ ရဟန်း အဖြစ်သို့ မရောက်မီပင်၊ နေ့ဝါ ညဝါ သင်ရိုးကျမ်းများကို၊ တဖက်ကမ်း ရောက် တတ်မြောက် တော် မူလေ သည်။ (ရှင်သာမဏေအဖြစ်မှာပင် ကဗျာလင်္ကာပေါင်း များစွာကို ရေးသားတော်မူခဲ့လေ၏။)

၁၂၂၅-ခု နှစ်ဦးတွင်၊ ဥပသမ္ပဒ ကံဖြင့် ပဉ္စင်းဖြစ်၍၊ ထိုနှစ် ရဟန်းအဖြစ်နှင့် တဝါ သတင်းသုံး တော်မူလေသည်၊ ရဟန်းဘွဲ့အမည်မှာလည်း "ရှင်ဇဝန"ပင်တည်း။)

မာန်လည် ဆရာတော် ဘုရား ကြီးသည်၊ သက်တော် ၂၂ နှစ်သာသာရှိမှ(နှစ်လွန်၍) ရဟန်း ဖြစ်တော် မူသည်။

ရဟန်းဖြစ်၍ တဝါရ မြောက်တော် မူပြီးနောက်၊ မူလ ရဟန်းခံခဲ့ရင်းဖြစ်သော သိမ်ကို၊ ဝိနယ ကုက္ကုစ္စ သဘော အားဖြင့် သံသယ မကင်း,မရှင်းရှိပြန်သည်နှင့်၊ ၁၂၂၅ ခု နှစ်၊ တပေါင်း လပြည့်ကျော် ၅-ရက်နေ့တွင် မဲဇာမြစ် အတွင်း (ဥဒကုက္ခော) နဒီသိမ်၌၊ သံဃာတော် ဆယ်ပါး နှင့်တကွ၊ ဒုတိယ အကြိမ် ဥပသမ္ပဒ ကံအားဖြင့်၊ ရဟန်း ခံတော် မူပြန်လေသည်။ ဥပဇ္ဈယ် ဆရာကား၊ - မန်လည်မြို့ အနောက်ဘက်တိုက်၊ ဝါတော် (၆၀) ရှိ အရှင် ဂုဏဝါ မထေရ်မြတ် ပေတည်း။ ထိုဒုတိယ အကြိမ်မြောက် ရဟန်း ခံသော ခုနှစ်,နေ့,လ,များကို၊ တပြည့်များတို့ အကျဉ်းချုပ် မှတ်သား မိကြစေရန်၊ မာန်လည် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရေးသားသီကုံးထားအပ်သော ကဗျာမှာ၊ အောက်အတိုင်းဖြစ်သတည်း။

ပန္နက္ကာဝိဒုဇ ခုရေးတဲ့ဝေါဟာ၊ လူ့ရှေးကွဲ
ကောဇာ ပြောစရာတခြား၊ မှတ်လေတော့
မိန်ရာသီဝယ် ကျော်တိထိငါးရက်ပြား၊ မဲ့ဇာ
မြစ်,နဒီသိမ်ဝယ် ထေရ်မာန်နှိမ်ဆယ်ပါး၊ ရည်
ဉာဏ်ချိန်လည်ထားလို့ ဘုရားရှင် သားတော်
ဘောင်၊ ဥပငယ်သမ္ပဒနှင့် ကံမဟာဆောင်တင်ကြ
နောင်သံဃာ မှူးဘို့ ရွယ်ဆောင်၊ သာသနာ
မှူထမ်းပြောင်တယ် ဟိုရခေါင်ကာလက မကာရ
လောပခေါ် ထူးတဲ့ ထေရ်ကျော်၊ နွယ်ဆင်း
သက်လို့ လေးဆယ် ပေါ်သည်၊ ဆရာတော်
နောက်ဆုံးကွဲလေး-။

ပဌမ ရဟန်းခံစဉ်အခါက ရရှိသောဝါကို မရေတွက်ဘဲ၊ ဒုတိယ ရဟန်းခံတော်မူပြီးနောက်၊ ၁၂၂၆ ခုနှစ် ဝါကစ၍၊ ယခုတိုင်အောင် ရဟန်းဝါကို အတည်ပြုကာ ရေတွက်တော်မူသည်။

ဒုတိယအကြိမ် ရဟန်းခံတော်မူပြီးနောက်၊ (၃) ရက်မြောက်တွင် ကျေးဇူးရှင် ဖြစ်တော် မူသော၊ အရှင်အနန္ဒမဉ္ဇူမထေရ်မြတ်သည် ပျံလွန်တော်မူလေ၏။

၁၂၂၈ -နှစ်၊ ရဟန်း ၃-ဝါမြောက်တွင်၊ မန္တလေးမြို့အနောက်ပြင် ထီးလင်းတိုက်မှာ ဝါဆိုတော်မူ၍၊ မာန်လည်မြို့ဝန်မင်းတင် မင်းလှသမန္တ ရာဇာက၊ ကိုးကွယ် လှူဒါန်းသော- ပိဋကတ်တော်များကို၊ ကြီးကျပ်ကူးယူ ရေးသားတော်မူသည်။

ထို့နောက် မာန်လည်မြို့ နေရင်း၊ လေးထပ်ကျောင်းသို့ ပြန်လည်တော် မူပြီးလျှင်၊ ခိုဝင်လာရောက်ကြသော စာသင်သားတို့အား၊ စာပေ သင်ကြား ပို့ချ၍၊ အားလပ်သော အခါမှာလည်း၊ ကျမ်းဂန်များကို ရေးသားတော် မူလေသည်။ ။ရဟန်း (၁၀) ဝါရ မြောက်တော် မူသောအခါ၊ သာမဏေ ဘဝတွင် သင်ကြားခဲ့သော၊ "မဃဒေဝ" ဇာတ်တော်ကို ကြည်ညိုတော်မူရင်း ရှိသည်နှင့်၊ ထို"မဃဒေဝ" ဇာတ်ကို၊ ပျို့ ကဗျာ လင်္ကာတစောင် စီးကုံး ရေးသားရန် သင့်လျော်ပေသည်။ ဤလင်္ကာဖြင့် ပညာရှင်နို့ -သောက်စို့ရာဖြစ်သော၊ ဆရာအရှင်၏ ကျေးဇူးကိုဆပ်ရာ ကြလိမ့်မည်ဟု တွေးတော ဆင်ခြင်တော် မူပြီးလျှင်၊ ထိုဆယ်ဝါရ

သောအခါကပင်လျှင်၊ မဃာဒေဝ လင်္ကာသစ် စ၍ရေးသား တော်မူလေသည်။ သို့ရာတွင် မြတ်စွာ ဘုရား၏ အမှုတော် ထမ်းသော ရဟန်းဇာနည် သာသနာ့ယောဂီကြီး ဖြစ်တော် မူသည့်အတိုင်း၊ သာသနာ့ရေး ကိစ္စတွေကို ဆောင်ရွက်ရန် များပြားလှသည်နှင့်၊ ထိုမဃာဒေဝ လင်္ကာကို ပြီးဆုံးအောင် မရေးသားနိုင်ဘဲ ရှိရလေသည်။

ထို့နောက် ၁၂၆၆-ခုနှစ်တွင်မှ၊ တဖန် သတိရတော် မူပြန်သည်နှင့်၊ ယခင်လက်စရှိသော မဃာဒေဝလင်္ကာသစ်ကို ဆက်လက်ရေးသားတော်မူရာ၊ ၁၂၆၆-ခု၊ တော်သလင်း လပြည့်ကျော် (၁၄)ရက် သောကြာနေ့တွင်၊ အောင်မြင် ပြီးဆုံးခြင်းသို့ ရောက်လေ၏။ ဗဟုသုတ အမျိုးမျိုး တို့၏ တည်ရာဖြစ်သော၊ မဟာသုတကာရီ၊ မဃာဒေဝ လင်္ကာသစ် ကျမ်းကြီးသည် ယခုအခါ မြန်မာနိုင်ငံမှာ၊ များစွာထင်ရှား ကျော်စောလျက်ရှိလေ၏။

သက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် မင်းကွန်းအလည်တောရ ဆရာတော် အရှင် ပဏ္ဍိဝံသက၊ မြန်မာ့ ဘွယ်ရာ ကဗျာ သီကုံး၍၊ ပုစ္ဆာ လေးဆယ့် ငါးချက်ကို မေးမြန်းရာ မာန်လည် ဆရာတော်ဘုရားက အကိုး အကား စုံလင်စွာနှင့် ဖြေကြားတော်မူလေ၏။ ထို အမေး အဖြေကျမ်းသည်၊ ပဥ္စ စတ္တာလီသ ပုစ္ဆာ ဝိသဇ္ဇနာကျမ်းဟု တွင်၏။

ထိုနောက် သက္ကရာဇ် ၁၂၄၄-ခု နှစ်တွင်၊ မာန်လည် ဆရာတော်ဘုရားက၊ ပုဇ္ဇာပေါင်းဘရာကို ပြန်၍မေးမြန်းရာ၊ ဆရာတော် အရှင်ပဏ္ဍိဝံသကလည်း၊ ထိုကဲ့သို့ပင် ဖြေကြား

တော်မူ၏။ ထိုကျမ်းကို သုတပတိကာပုဏ္ဍာ ဝိသဇ္ဇနာကျမ်းဟူ ခေါ်၏။ ထို- နှစ်ကျမ်းလည်း ယခုအခါ ကောင်းစွာ ထင်ရှားလျက်ရှိလေသည်။

သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင်၊ တောင်ပေါ် ကချင်များ ထကြွ သည်နှင့်၊ မန်လည်မြို့ကို လွှမ်း အုပ်ခြုံ၍ နေ၏။ မြန်မာဘုရင် တပ်တော်များလည်း၊ မထိုက်ရောက် သေး သည်နှင့်၊ ကချင်များ၏ အလွှမ်းမိုးကို ခံ၍ နေရလေသည်။ ထိုအခါ မာန်လည်ဆရာတော် ဘုရားသည်၊ ကချင်များနှင့် သင့်တင့်အောင် ပေါင်းသင်း ပေါ်ပြောပြီးလျှင်၊ ကချင်တို့ ထံမှာ သွမ်းခံ ဝတ်ကိုပြုတော်မူ၏။ ထိုနောက် များမကြာမီ မြန်မာ စစ်သည်တော်များ ထိုက်ရောက် လာသော အခါ မန်လည်မြို့ အနီးရှိ တောင်များတွင်၊ မြန်မာနှင့် ကချင်တိုက် ခိုက်ရာ၊ မာန်လည်ဆရာတော်ဘုရား၏ ကျောင်းတိုက်သည်၊ စစ်နှစ်ဘ ညှပ်လျက်ရှိလေ၏။ ထိုအခါ ဆရာတော်ဘုရား သည်၊ မန်လည်မြို့ အနောက်ရှိ၊ မင်းဝ ံ တောင်တန်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူရသည်။

ကချင်များမထမီ ပြဿဒ်ကျောင်းကြီး ဆောက်လုပ်ရန်၊ မန်လည်မြို့ဝန်မင်းဘင် မင်းလှ သမန္တ ရာဇာကာ၊ သစ်ဝါး အပြည့်အစုံ စုပုံပြီးရှိသော်လည်း၊ ကချင်တို့၏ အန္တရာယ် ကြောင့်၊ မဆောက်လုပ်ရဘဲ ရှိလေ၏။ ထိုနောက် သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်တွင်မှ၊ အသုံးငွေ သုံးသောင်းကျော်ကုန်၊ ဘုံ (၇)ဆင့်ရှိသော ပြဿဒ်ကျောင်းကြီးကို ယခင် ပြဆို ခဲ့ပြီးသော၊မာန်လည်မြို့ဝန်ကဆောက်လုပ်လှူဒါန်းလေသည်။

ထိုကျောင်းကို အစွဲပြု၍၊ မှာန်လည်မြို့ ပြဿဒ် ကျောင်းကြီး ဆရာတော်ဟူ၍ ထင်ရှားကျော်စောလေ၏။

၁၂၄၇၊ခုနှစ်တွင်၊ အင်္ဂလိပ်နှင့် မြန်မာ တတိယမြောက် စစ်ဖြစ်ကြ၍၊ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ် အစိုးရမင်း တို့က၊ သိမ်းပိုက် အုပ်ချုပ်ဦးစ အခါတွင်၊ အလုပ်ရှား အခု အခံအခတော်ပင်များပြားသဖြင့်၊တိုင်းသူပြည်သားတို့ရိက္ခာရှား ပင်ပမ်းလျက် ရှိနေကြရာ၊ အများ၏ ချမ်းသာမှုကို မျှော်လင့် တော်မူသဖြင့်၊ မာန်လည်ဆရာတော်ဘုရားကြီးက၊ အင်္ဂလိပ် အစိုးရ တို့၏။ ဘုန်းလက်ရုံး ပညာ စွမ်းများကို သိရှိတော် မူသည့် အတိုင်း၊ ဘုရင် ကိုယ်တိုင် ပါ၍ သွားပြီး၊ မတူ နိုင်သောအရာကို မတုမပြိုင်အပ်၊ နယ်သူနယ်သား အများ ချမ်းသာအောင်၊ အေးမြ ကြည်သာစွာ အင်္ဂလိပ် အောင်လံ အောက်သို့ ခိုလှုံရမည်ဟု မန်လည်ဝန်ကို အမိန့်တော်ရှိရာ၊ မန်လည် ဝန်ကလည်း ဆရာတော် ဘုရားကြီး၏ အမိန့်တော် အတိုင်း အင်္ဂလိပ် အစိုးရ တပ်တော် များကို ဆီးကြို လက်ခံပြုစု ခိုဝင်သဖြင့်၊ မာန်လည်ဝန်နှင့် တနယ်လုံး ချမ်းသာ ကြလေသည်။

ထိုနောက် ဝန်သိုစော်ဘွားက၊ အင်္ဂလိပ်အစိုးရထံ့အား ခုခံ ပြန်လေရာ၊ အားမတန်လျှင် မာန်ကို လျှော့ရမည်။ ကိုယ့်ဒုက္ခကို ကိုယ်မရှာနှင့်၊ ငြိမ်ဝပ်စွာ အင်္ဂလိပ် အစိုးရ တို့၏၊ လက်အောက်မှာသာ နေထိုင်သင့်သည်ဟု ဆရာတော် ဘုရားကြီးအမိန့်တော်ရှိရာ၊ ဝန်သိုစော်ဘွားက မနာယူဘဲ၊ ငြင်းပယ်သည် နှင့် ပင်လယ်ဘူးသို့ ထွက်ပြေး ပြီးလျှင်၊ တရုပ်နယ်သို့ ဝင်ပြေးရလေ၏။

သက္ကရာဇ် ၁၂၅၁-၅၂ ခုနှစ်များတွင် ထီးချိုင့်မြို့မှာ ( )ဝါတိုင်တိုင် ဝါကပ်ဆို နေထိုင်၍၊ သာသနာတော် အကျိုးကို သည်ပိုး ဆောင်ရွက်တော် မူခဲ့ လေသည်။ ၁၂၅၃-၅၄-၅၅=ခုနှစ်များတွင် ကသာမြို့တွင် (၄) ဝါ တိုင်တိုင် သတင်းသုံးတော်မူလေသည်။

ဆရာတော် ဘုရားကြီးသည်၊ မန္တလေး ထီးလင်းတိုက်မှာ တဝါ၊ ကသာမြို့မှာ= ၂= ဝါ ထီးချိုင့်မြို့မှာ = ၃—ဝါ၊ ပေါင်း+၆=ဝါမျှသာသလျှင်၊ အခြား ဌာနမှာ သီတင်းသုံး တော်မူဘူးလေသည်။ ကြွင်းသော ဝါများမှာ မန်လည်မြို့ မှာပင် သီတင်းသုံးတော်မူလေ၏။ ကျန်းမာခြင်း အာရောဂျ သမ္ပဒါ ဂုဏ်နှင့်၊ ပြည့်ကြီး ပြည့်စုံသော မူသည့် အတိုင်း၊ ဣရိယာပုတ်လေးပါးတွင် ထိုင်ခြင်း ဣရိယာပုတ် တခုဖြင့်သာ များစွာမျှတတော်မူလေ့ရှိ၏။

ထိုင်ခြင်း ဣရိယာပုတ်ဖြင့်၊ မည်မျှလောက်ပင် ကြာစေ ကာမူ၊ ညောင်းညာ ပေါက်ပြန်ခြင်း ရှိတော်မမူ ထိုင်ခြင်း ဣရိယာ ပုတ်ဖြင့် ပင်လျှင် ကျိန်းအောင်းတော် မူလေ့ရှိ၏။ ရှိတော် မူသမျှသော အချိန်ကာလများကို အဋ္ဌကထာ ဋီကာနှင့်တကွသော ပိဋကတ်သုံးပုံကို အပြန်ပြန် အခေါက် ခေါက် ပေါက်အောင် ကြည့်ရှုတော်မူခြင်း၊ နာနာနယ ဂန္ထန္တရ ဗဟုသုတများကို ဆည်းပူးတော် မူခြင်း၊ ခိုလှုံ ဦးခိုက်လာသော စာသင်သား တို့အား စာပေ ပို့ချတော် မူခြင်း၊ လျှောက်ထားသော ပုစ္ဆာများကို ဖြေကြားတော် မူခြင်း၊ ကျမ်းဂန်များကို ရေးသားတော် မူခြင်း၊ ကြည်ညို

ဘွယ်ကို ဆောင်သော သုတ္တန်ကျမ်းဂန်များကို၊ ရှက်ဘတ် သရဇ္ဈာယ်တော်မူခြင်းအားဖြင့် အသုံးပြုတော်မူလေ့ရှိ၏။

ဆရာတော် ဘုရားကြီး ရေးသားတော် မူအပ်သော ဒသသီလဝိနိစ္ဆယနှင့် စပ်လျှင်း၍၊ ပုသိမ်မြို့ အသျှင်ပဒုမ္မက၊ မနုစ်သက်ကြောင်းနှင့် ပြန်လှန်ရေးသားလေရာ၊ ကုတိမောဝါဒကထာဟူသော အမည်အားဖြင့် ဆရာတော် ဘုရားကြီး ကျမ်းငယ်တစောင်ရေးသားရာ၊ ထိုကျမ်းငယ်တွင် ပါရှိသော ပဒုမောဝါဒ ကဗျာများသည်၊ ထင်ရှားလျှက် ရှိလေ၏။ ထို- ကဗျာများကို ဗဟုသုတ ပွါးများစေရန် အောက်ပါ အတိုင်း ထည့်သွင်းဖေါ်ပြလိုက်ပါသည်။

## ပဒုမောဝါဒကထာ–ကဗျာလေးချိုး၊

၁။ မာန်မလုပ်ချင်ဘု မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ န–ကိုသတ်ရုံဘဲ၊ နေရပ် မာန်ရွေလည်နှင့်၊ မာန်နှစ်လည် မာန်စုံ ကွန့်နိုင်ရဲ့၊ ဖူးညွန့် ခေါင်ကတင်၊ သို့ကဘဲ လုပ်ဘဲသမ္ဘဇဉ်နှင့်၊ မာန်မယှဉ် ဉာဏ်ယှဉ်အုပ်ပါလို့၊ ထိန်းချုပ်ခါ မာန်ကိုကင်းစေရ၊ ယင်းခုခေတ်တွင် တကာယ်ဆို တကာယ်လားပါဘဲ၊ အကျတ်ဆို အကျယ်မပွားချင်ဘု၊ မြတ် ဖျားရယ် စိန္တေယျာမှ၊ လူပြိတ္တာ ပုရာဏာတို့ကို၊ ယူမိစ္ဆာ သကာ ကျအောင်လို့၊ မိး, ရေ, ပြ တန်ခိုးဆင် အရိုးပင် လာကျမ်း၊ ထို့သူသာ ပြိုင်လိုလျှင် ပြိုင်လာတော့၊ ဆိုလာ လျှင် ကြာမနေးစေနှင့် ရှုံးသူဟာ နှမပေးပါလို့၊ လိုသေး လျှင် ကိုယ်ပိုင်ယူမပ၊ နိုင်တဲ့သူ ယောက်ဖကြီး ပါဘဲ

ဇက်ပေါ်မှာ ထောက်၍ခွစီးသည့်ပြင်၊ ကွယ်- (ဒီး) စုတ်ကြ
တမ်း။

---

## ရင်းလေးချိုး။

(၂) ပဒုမ တုပကာ နှင်းမယောင် နှင့်၊ ဆင်ပြောင်ကို ခြင်ကောင်က ဝါးသော်လဲ ယားရုံမျှဥပမာ၊ ဉာဏ်အသက်ကိုလှ စိဘက်သော် နှင်မလျှော်ဘု၊ နှင့်- မယ်တော်ရှင်ဇီလာနှင့် ခင်ဆရာအိမ်ထောင်ကျကြလျှင်၊ ပဒုမဆို မောင်ရွှေမမှာ သွားငယ်မျှသာ၊ ပညာကို ယှဉ်ကာ ချင့်သော်လဲ၊ အခွင့်ငယ်အရာနှင့် ယောဇနာ သမ္ဘာန်မျိုးကိုမှ၊ နည်းရိုးဘာမကျခင်က မင်းရန်စငါ့ကိုရှာ ဝါဘာပြုဖြုံမည်တုံး၊ နှစ်ဘက်ကဏ်း မျက်ခမ်း၍နေ့ကိုပြိုင်လို့၊ ခွင့်လုံးပိုင် မင့်စာမှားပြီကွဲ့အများငယ် ပါယ်မကျစေနှင့်၊ သာအယာ ခွင့်ပြေကြအောင်ပ ငါဆရာ မင့်ဖေ့ဘကို ဦးချလိုက်အုံး။

မန္တလေးမြို့ ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၊ မုံရွာမြို့ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်။ မာန်လည်း ဆရာတော်ဘုရားကြီးနှင့်၊ ဓမ္မသဟာယအဖြစ်ဖြင့် အတူ အကြွမ်း ဝင်သော သာကီယ မဟာ မိတ်ကြီးများ ဖြစ်တော်မူကြသည်။ အထက် အဆိုပါ ဆရာတော်အရှင်မြတ်ကြီး၊ သုံးပါးတို့သည်၊ (မဟာမိတ်ဘုရင် အချင်းချင်းတို့မှာ တပြည်နှင့်တပြည် ရွှေလမ်း ငွေလမ်း ဖေါက်သည် ဆိုသော စကားကဲ့သို့၊)ပိဋကတ်တော်ရေးဆိုင်ရာ တရား ရတနာတည်း ဟူသော ရွှေလမ်းငွေလမ်းကြီးများတို့ သွယ်တန်း ဖေါက်လုပ်

ပြီးခါ ဓမ္မသာကစ္ဆာအဖြစ်ဖြင့် မကြာမကြာ စာတမာန်ဖြင့်၊ ဆွေးနွေး ညှိနှိုင်းတော်မူလေ့ ရှိကြကုန်၏။ မဟာဝိသုဒ္ဓါရုံ၊ ဆရာတော် ဘုရားကြီး တိုက်တွန်း ချက်ဖြင့် မာန်လည် ဆရာတော် ဘုရားကြီးသည်။ ဝဇီရူပမ ဗျာကရဏကျမ်းကို ရေးသားတော်မူ၏။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး မေးမြန်း ချက်ဖြင့်၊ ပုစ္ဆာဝိသဇ္ဇနာခေါ်သောကျမ်းကို ရေးသားတော် မူ၏။

ယခုအခါ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး လျှောက်ထားချက်ဖြင့်၊ ဆန်းသံခိပ်ကျမ်း အလင်္ကာသံခိပ် ကျမ်းများ ကိုလည်း၊ ရေးသားတော် မူလိမ့် မည်ဟု၊ မြော်လင့်ဘွယ် ရှိလေသည်။ စာသင်ပျိုနု အခြေပြုသော သူတို့အား၊ သဒ္ဒါအရာ လွယ်ကူစွာ တတ်မြောက်စိမ့်သောငှါ၊ ကစ္စာယနသု သုဟာရပါဠ် နိဿယ ကျမ်းများ ကိုလည်း ရေးသား ထားတော်မူလေသည်။

၁၂၈၆ ခုနှစ်တွင် မိုးကုတ်မြို့သို့၊ သာသပြု ကြွတော် မူရာ၊ များစွာပင်စည်ကားလေ၏။ ၁၂၈၆-ခုနှစ်တွင် သီဘောမြို့ မဟာရာဇာ စော်ဘွားကြီး ပင့်လျှောက်ချက် အရဖြင့်၊ နောက်လိုက် နောက်ပါ ရဟန်းသံဃာ တပြည့် ဒါယကာ ပရိသတ် ခြံရံတော်မူလျက်၊ သီဘောမြို့သို့ကြွတော်မူပြီးလျှင် တရားဓမ္မ ဟောပြတော် မူခြင်း၊ ( သိမသမ္မုတိ ကံဖြင့်) သိမ်-သမုတ်ခြင်း ကွဲပြားသော သံဃာတော် များကို တသား တည်း ညီညွတ် အောင် စေ့စပ်တော် မူခြင်း၊

စသော သာသနာရေး ကိစ္စများကို ဆောင်ရွက်တော် မူလေသည်။

မာန်လည်မြို့ ဝန်းကျင်မှစ၍၊ အထက် ဗမာပြည်တခွင် မှာလည်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာကို ပွင့်လင်းစေခြင်းငှါ ပင့်ဆောင်ရာဋ္ဌာနသို့ ကြွရောက်တော်မူပြီးလျှင် ဥပသမ္ပဒကံ သိမသမ္မုတိ ကံစသော၊ သာသနာ့ ကိစ္စများကို နှစ်ရှည် လများ ဆောင်ရွက်တော်မူသည်မှာ၊ လွန်စွာပင် များပြား လှလေသည်။

အင်္ဂလိပ်သက္ကရာဇ် ၁၉၁၇ ခု၊ဇန္နဝါရီလ ၁-ရက်နေ့တွင်၊ အရှင် အင်္ဂလိပ် အစိုးရတို့ လှူဒါန်းသော မဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်ကို ခံယူတော်မူသည်။

၁၂၇၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက် တနင်္ဂနွေ နေ့တွင်၊ သံဃာတော် ပရိသတ်, ရှင်သာမဏေ ပရိသတ်, သီလရှင်ပရိသတ်, ဥပသကာ ဥပသကီ ပရိသတ် အပေါင်း တို့ဖြင့် သောင်းသောင်း ဖျဖျ ဝန်းရံကြစေ ပြီးလျှင်၊ မန်လည်မြို့ ပြဿဒ် ကျောင်းကြီးမှ အောက်ရာမညတိုင်းသို့၊ ရေဝတီရေလမ်းခရီးဖြင့် ကြွတော် မူလာခဲ့လေသည်။

(ဤသို့ ကြွရောက်တော်မူလာခြင်းမှာ၊ ရာမညတိုင်းသို့ ရှေးဦးစွာ ကြွတော်မူခြင်း ဖြစ်လေသည်။)

စစ်ကိုင်းမြို့၊ ပခုက္ကူမြို့သို့ ဆိုက်ရောက်တော် မူလေရာ၊ ၃-ရက် ခန့်မျှ ရပ်တန့်တော် မူပြီးလျှင် လူရှင်ရဟန်းတို့၏ ဖူးမြင်ခြင်းကိုခံတော်မူ၍၊ တရားမွေ့ ဆုံးမတော်မူလေသည်။

ထိုနောက် ပြည်မြို့မှာ ဆံတော် ဘုရားကို ဖူးမျှော်၍ ဇလွန်မြို့သို့ ရောက်သော အခါ၊ သိမ သမ္မုတိ ကံကို ရွက်ဆောင်တော်မူသည်။

ထိုနောက် ပုသိမ်မြို့၊ ဟင်္သာတမြို့များသို့ ကြွရောက်၍ ရဟန်းရှင်လူတို့၏ အပူဇော်ကိုခံကာ၊ ဓမ္မကထာဖြင့်ဆုံးမ၍ အမတ မြိုက်ဆေး တိုက်ကျွေးတော် မူပြီးလျှင်၊ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး ပင့်လျှောက်ချက် အရဖြင့်၊ သာယာဝတီ မင်းလှမြို့သို့ ကြွရောက်တော်မူလာရာ၊ ၁၂၇၁-ခု တပို့တွဲလပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့ ညနေ ၅-နာရီခွဲ အ ချိန် တွင် ဆိုက် ရောက် တော် မူလေ သဖြင့်၊ မှာန်လည် ဆရာဟော် ဘုရားကြီးနှင့် လယ်တီ ဆရာ တော်ဘုရားကြီး နှစ်ပါးသည် ရှေးဦးစွာ တွေ့ ဆုံ ခြင်းဖြင့် မင်းလှမြို့မှာ တွေ့ဆုံတော် မူကြ လေသည်။ ထိုသို့ ပုဂ္ဂလ ဝိသေသပါဠကရေ ပူရိသာဇည ဖြစ်တော် မူသော အရှင် မြတ်နှစ်ပါးတို့သည် လက်တော်များလှမ်းလင့်ကာ၊ နှုတ်ခွန်း ဆက်သတော် မူပြီးလျှင်၊ အလ္လာပ, သလ္လာပ, ပဋိသန္ဓာရ စကားတော် များကို ပြောကြား တော် မူကြ၍၊ အသက် ထက်ဆုံး စိတ်နှလုံး တည်းဟူသော ကျောက်သား ပြင်၌၊ ရေးတင်သကဲ့သို့ အစဉ် မှတ်သားဘွယ် ဖြစ်သည့် ပဋိသာရ ဏီရ စကားများကို ပြောကြားမိန့်မြွက်တော်မူကြ လေသည်။

ထိုနောက် ၁၂၇၁-ခု၊ တပေါင်းလဆန်း (၁) ရက်နေ့ တွင်၊ ဆရာတော် အရှင်မြတ်ကြီး နှစ်ပါး သီးခြားသော

မီးရထားကို စီးနင်းတော်မူပြီးလျှင် ရန်ကုန်မြို့သို့ ကြွတော်မူလာရာ၊ အရပ်ရပ် မြို့ရွာတို့က၊ လွန်စွာ ကြိုကြိုက် ခဲလှသော အရှင်မြတ် နှစ်ပါးကို ဖူးမျှော် ပူဇော်ကြသည်မှာ၊ မရေမတွက်နိုင်အောင် များပြားလှလေ၏။

ရန်ကုန်မြို့သို့ ထိုညနေ ၃-နာရီနှင့် မိနစ် ၂၀-တွင်၊ ဆိုက်တော်မူလာရာ၊ လယ်လီအာရာတော်ဘုရားကြီး နှီးဆော်တော် မူချက်အရ အသင့်ကြိုဆိုလျက် ရှိသော ရဟန်း ပရိသတ် ဆောင်ပေါင်း များစွာတို့က အမြောက် ၂၁-ချက်တို့ဖြင့် ပစ်ဖေါက်ပူဇော်ကြပြီးလျှင် အရှင်နှစ်ပါးကို မိုတိုကားဖြင့် တင်ဆောင်၍ ရန်ကုန်မြို့ အနောက်ပိုင်း ကီလီလမ်းက စ၍၊ ပုဇွန်တောင် ညောင်ကုန်းတိုက်သို့အထိ တမြို့လုံး လှည့်လည်ကာ အပူဇော် ခံတော်မူ လေသည်။ ထိုအခါ ရဟန်း ပရိသတ် လူဒါယကာပရိသတ်တို့က မိုတိုကားပေါင်းများစွာတို့ဖြင့် လိုက်ပါခြံရံကြလေသည်။ လှည့်လည်တော်မူရာ လမ်းတကာတွင် နေထိုင်ကြကုန်သော ဗုဒ္ဓသာသာ မြန်မာ အမျိုးသား အပေါင်းတို့ကလည်း ကြီးကျယ်မြင့်မြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ကြသည်မှာ လွန်စွာပင် ကြည်နူးဘွယ်ကောင်းလှပေသည်။

ပုဇွန်တောင်-ညောင်ကုန်း ကျောင်းတိုက်သို့၊ ဆိုက်ရောက်တော်မူသောအခါ ဆန်းကျယ်စွာ ပြုလုပ်အပ်သော တံခါးမုခ်ဝတွင် စောင့်ဆိုင်းလျက် နေကြသော ပရိသတ်ပေါင်းများစွာတို့က၊ ကောင်းမွန် ဆန်းကျယ်စွာ ပြင်ဆင်အပ်သော ဝေါယာဉ်ဖြင့်၊ အရှင်နှစ်ပါးကို တင်ဆောင်၍၊

"မဟာဓမ္မသာလာ" မင်္ဂလာ မဏ္ဍပ်တော်ကြီး အတွင်းသို့ ပင့်ဆောင်ကာ ပူဇော်ကန်တော့ကြလေသတည်း။

ထိုနောက်- မန်လည် ဆရာတော် ဘုရား ကြီးသည် ပင့်လျှောက် ကြသော သူတို့အား သနား ညှာတာတော်မူခြင်းအားဖြင့်၊ အရှေ့ တောရကြီးတိုက် အလယ်တောရတိုက်၊ ရန်ကုန်မြို့ အနောက်ပိုင်းများသို့ ကြွရောက်ပြီးခါ၊ ဓမ္မကထာဖြ င့်ကောင်းစွာ ဆုံးမတော်မူလေသတည်း။

မန်လည် ဆရာတော် ဘုရား ကြီးသည်၊ ယခုအခါ သက်တော် ၇၈-နှစ်ရှိတော်မူ၍၊ ဝါတော်မှာ ၅၅-ဝါရှိတော်မူလေပြီ၊ ကိုယ်တော်မြတ် သမုတ်တော်မူသော၊ သိမ်ပေါင်း၊ ၅၀ ကျော် ရှိ၏။

စာကြည့်-စာချနှင့် ဓမ္မကထာ ဟောပြောခြင်း ရပ်စဲသော အချိန်များမှာ၊ အားလပ်ခွင့် ထားတော်မမူဘဲ၊ ပဌာန်း ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ မဟာ သတိပဋ္ဌာနသုတ်၊ မဟာ သမယသုတ်၊ အဋ္ဌာ နာဋိယ သုတ္တန် များကို၊ သရဇ္ဈာယ်တော်မူလေ့ရှိ၏။

ဝိနယသင်္ဂဟာကျမ်းနှင့် ဝိသုဒ္ဓိမဂ်ကျမ်း ဤ၂-ကျမ်းကို အထူးပင် လေ့လာတော်မူလေ့ရှိ၏။

ဘင်္ဂလီ, နာဂရီ, သီဟိဠ်, မာဂဓီ, စသော၊ ဘာသန္တရကျမ်းများကိုလည်း တတ်မြောက်တော်မူ၏။ ဗေဒင်ကျမ်းပေါင်းများစွာတို့နှင့်တကွ၊ တတ်သင့်တတ်ထိုက်သော ပညာဗဟုသုတ၊ သိပ္ပါယတ္တန များကိုလည်း၊ တတ်ကျွမ်းတော်မူ၏။ "မ"ကာရလော့ပတဆူ ဖြစ်ကြီး ဖြစ်တော်မူသော

တောင်တွင်း ဆရာတော်ကြီး (ခင်ကြီးပျော်)မှ ဆက်နွယ်၍ လာသောကြောင့်၊ အရာရာတွင် ပါရဂူမြောက် ဆိုလောက် ဘွယ် တတ်ကျွမ်းတော်မူ၏။

ဆရာတော်ဘုရားကြီးသည် စံပျော်တော်မူရင်း မန်လည် ပြဿဒ်ကျောင်းကြီးမှ၊ တမြို့တရွာသို့ ဒေသစာရီ ကြွချီတော် မူသောအခါ၊ နောက်လိုက် နောက်ပါ ရဟန်း သံဃာ တပြည့် ဒါယကာတို့သည်၊ များမြောင်စွာ ဝန်းရံပါတ်ခြံကာ လိုက်ပါလေ့ရှိ၏။

တနေရာမှ တနေရာသို့ ကြွတော် မူသော အခါလည်း၊ အောက်၌ပါရှိသော ပါဠိကထာကို၊ ရွတ်ဘတ် သရဇ္ဈာယ် တော်မူလေ့ရှိ၏။

သောအဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ၊ ပုရာပုရံ၊
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမဿ သုဓမ္မတံ။ ။

အနက်တား။ ။သောအဟံ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို၊ နမဿမာနောစ၊ ရှိခိုး ဦးနှိမ်၍ ၎င်း။ ဓမ္မဿ၊ တရားတော်မြတ်။ သုဓမ္မတံ၊ မှန်ကန်ဖြောင့်မတ် တရားမြတ် ဖြစ်ကြောင်းကို။ အနုဿရိတွာစ၊ အောင်မေ့ ဆင်ခြင်၍၎င်း။ ဂါမာ၊ ရွာတရွာမှ။ ဂါမံ၊ ရွာတရွာသို့။ ဝိစရိဿာမိ၊ လှည့်လည်တော်မူအံ့။ ပုရာ၊ ပြည်တပြည်မှ။ ပုရံ၊ ပြည်တပြည်သို့၊ ဝိစရိဿာမိ လှည့်လည်တော်မူအံ့။

အာစရိယဝံသအားဖြင့် ဆရာအစဉ်ဆက် လိုက်သည် ရှိသော်၊ (၁) တောင်တွင်းဆရာတော် ခင်ကြီးပျော်။ (၂)

ဦးဇိန။ (၃) ဦးပညာ။ (၄)ဦးနန္ဒမဠ္ဈု။ (၅) ယခုမန်လည် ဆရာတော် ဘုရားကြီးဖြစ်၍၊ တောင်တွင်း ဆရာတော်မှ ရေတွက်လျှင် ငါးဆင့် မြောက်ကြတော် မူ၏။ **ဦးဇိန-မှ** စ၍၊ ယခု ဆရာတော်ဘုရားကြီး တိုင်အောင် ဆရာတော်ကြီး လေးပါးတို့သည်။ ယခု မန်လည် ကျောင်းတိုက်ကြီး အတွင်းမှာ၊ အစဉ် သီတင်း သုံးတော် မူကြသော ပုဂ္ဂိုလ် မြတ်ကြီးများ ဖြစ်ကြလေသည်။ တောင်တွင်း ဆရာတော် ကြီး၏ တပြည့်ရင်း ဦးဇိနမှ စ၍ ဆက်လက်သည့်ရှိသော် ယခု ဆရာတော်ဘုရားကြီးသည်။ စတုတ္ထ လေးဆက်မြောက် ဖြစ်တော်မူ၏။ ဤ-၁တုတ္ထမြောက်ကို ရည်တော်မူ၍၊ မဃဒေဝ **လင်္ကာ**သစ် နိဂုံးတွင်-

မှတ်စိတ်သချာ အကြောင်းငါကား၊ မကာရလောပ အံ့ချီး ကြလျှက်၊ ဥာဏ ဝရဇိန် တောက်ထိန် ပြောင်ဝင်း အခေါင်ခြင်းသည့်။ တောင်တွင်းအကျော် ဆရာတော်၏ အာဘော်နည်းယူ၊ တံခွန်ထူသား၊ တဆူလက်တွင်း တပည့် ရင်းမှ၊ သက်ဆင်းနွယ်သာ ထေရာ ဝံသ ပဒပဖြင့်၊ စတုတ္ထမြောက် ရောက်ခဲ့တုံပြီ ဟူ၍ရင်း။

ငါတို့အရင်း နွယ်သက်ဆင်း တောင်တွင်း ကျော်ဆရာ။

စတုတ္ထမြောက် ငါသို့ရောက် အထောက် ဝေး=မကာ့ဘဟူ၍ရင်း။

ဆရာတော်ဘုရားကြီး ကိုတော်တိုင် စပ်ဆို တော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် သာဝက ဗောဓိဉာဏ်မျှကို ရည်သန်တော် မမူဘဲ၊ သမ္မာ သမ္ဗုဒ္ဓ ဘုရား ဆုကြီးကို ပန်ဆင်တော်မူ၏။ ပန်ဆင်တော်မူကြောင်းမှာ=

ကျွတ်ကာမတ္တ ကျွတ်ကုန်ကြသား၊ သာဝကဆု
ကိုယ်တခုမျှ၊ လွတ်မှုမကြံ ဆုကြီးသန်၍ သယမ္ဘူတ
မြတ်ဉာဏ်နှင့်၊ သစ္စနာမ် နှလွှံသည်၊ သမ္မာသမ္ဗုဒ္ဓ
အနုတ္တရစစ် တုမရဖ်ဘဲ၊ ရှစ်မာရင် မဂ်ယာဉ်
ညင်ဖြင့်၊ ဝေမဂ်တာ ဘုံသို့ကျအောင်၊ မျှားလှုတာတွေ
ဘော်မိတ်ကွေ့သို့၊ ဝေနေရှိသရွေ့ မကျန်စေအောင်၊
ဆောင်၍ကိုယ်တိုင် တောင်မြို့ကိုင်သို့၊ ပို့နိုင်တုံလှစ်
ဓမ္မရာဇ် ဟု၊ ဖြစ်စိမ့် မယွင်း နှလုံး သွင်းလျက်၊
ရိုးရင်းပတ္တနာ ငါပန်တွာ၏ ဟူသော၊ မဃဒေဝ
လင်္ကာသစ်ဖြင့် သိလှုပေသည်။

ဤသာသနာ ငါးထောင်အတွင်းမှာ ဆက်ကာဆက်ကာ လူ့ဘဝကိုရ၍၊ ရဟန်းအဖြစ်နှင့်သာ မွေ့လျော်ရလို၏။ ဟူသောဆုကိုလည်း တောင်းတော်မူသည်။ ဤအကြောင်းကို မြတ်ခေတ်ငါးထောင် သာသနာရောင်လျှင်၊ ထွန်းပြောင်သမျှ လူ့ဘဝနှင့်၊ သမဏချည်း သူတော်နည်းကို၊ ငါလည်း ဖြစ်လိုဘန်လဲတည်း ဟူသော၊ မဃဒေဝ လင်္ကာဖြင့် သိသာလေသည်။

ပြီး၏။

[illegible]